Voice of Burma

Published by Voice of Burma Information Group Issue No. 731 OCTOBER 11, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com

# ဒေါ်အောင်ဆန်းစုကြည်နဲ့ သံအရာရှိ ၃ ဦးတွေ့ဆုံ၊ ပိတ်ဆို့အရေးယူမှုကိုစွဲဆွေးနွေး

**RFA၊ အောက်တိုဘာ ၉။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ အနောက်တိုင်းသံအရာရှိ ၃ ဦးတို့ တွေ့ဆုံဖို့ နအဖစစ်အုပ်စုက ဒီကနေ့ စီစဉ်ပေးခဲ့ပါတယ်။

စစ်အုပ်စုဧည့်ဂေဟာမှာ ဒီကနေ့မနက် ၁ နာရီကြာတွေ့ဆုံဆွေးနွေးခဲ့ကြတာပါ။ အမေရိကန်သံရုံးယာယီတာဝန်ခံ Larry M.Dinger ၊ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖြစ် ဗြိတိန်သံအမတ်ကြီး Andrew Heyn ၊ ဩစတြေးလျားသံရုံး ယာယီတာဝန်ခံ Simon Starr တို့သုံးဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ခွင့်ရခဲ့ကြောင်း ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ပြည်သူ့ဆက်ဆံရေးအရာရှိ Drake Weisert က RFA ကိုအတည်ပြုပြောဆိုပါတယ်။

အနောက်နိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့အရေးယူတာတွေ ပြန်လည်ရုပ်သိမ်းရေးအတွက် စစ်အုပ်စုနဲ့ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရခေါင်းဆောင်ဗိုလ်ချုပ်သန်းရွှေဆီကို ရေးသားခဲ့တဲ့ စာနဲ့ပတ်သက်ပြီး ဒီကနေ့တွေ့ခွင့်ရခဲ့တာဖြစ်ကြောင်းလည်း အမေရိကန်သံရုံးပြည်သူ့ဆက်ဆံရေးရာရှိက အတည်ပြုပြောဆိုပါတယ်။

ဒါပေမယ့် ဘာတွေပြောခဲ့ကြသလဲဆိုတာ အသေးစိတ်မပြောသလို မှတ်ချက်တစုံတရာပေးဖို့လည်း Drake Weisert ကငြင်းဆန်ပါတယ်။ သံအရာရှိတွေက ဒေါ်အောင်ဆန်းစုကြည်နဲ့သူတို့တွေ့ဆုံခဲ့တာနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တာဝန်ရှိသူတွေကို ဒီကနေ့နေ့လည်ပိုင်းမှာ သွားရောက်ရှင်းလင်းပြောဆိုခဲ့ပါတယ်၊ ဒါနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်တဲ့ ဦးဉာဏ်ဝင်းက အခုလိုပြောပါတယ်။

"ဗိုလ်ချုပ်မှူးကြီးထံကို တိုက်ရိုက်ရေးတဲ့ စာမှာပါတဲ့အတိုင်းဘဲ အရေးယူပိတ်ဆို့မှုတွေက ဘယ်လိုအမျိုးအစားတွေလဲ၊ အားလုံးဘယ်လောက်ရှိလဲ၊ ဘာ ရည်ရွယ်ချက်နဲ့လုပ်တယ်၊ အဲဒီရဲ့အကျိုးဆက်တွေက ဘာတွေရှိသလဲ၊ အဲဒီဟာနဲ့ ပတ်သက်ပြီးတော့ အချက်အလက်တွေကို သူလိုချင်တယ်၊ အဲဒါလေးကို သံရုံးတွေကို မေတ္တာရပ်ခံတယ်။ သံရုံးတွေကလည်း ဒီဟာကိုအစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးပါမယ်လို့ဆိုပြီး ကတိပြုခဲ့တာပါ။"

စက်တင်ဘာလ ၂၅ ရက်နေ့က စစ်အုပ်စုခေါင်းဆောင်ဆီရေးသားပေး ပို့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့စာထဲမှာ အချက်ငါးချက်ပါဝင်ပါတယ်။ နံပါတ် ၄ အချက်ဖြစ်တဲ့ မြန်မာနိုင်ငံအပေါ်အရေးယူပိတ်ဆို့ထားတာတွေ ရုတ်သိမ်းရေးကို ထိရောက်အောင်ဆောင်ရွက်နိုင်ဖို့ အမေရိကန်သံမှူးကြီး၊ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေရဲ့ကိုယ်စားလှယ်သံအမတ်ကြီး၊ ဩစတြေးလျားသံအမတ်ကြီးတို့နဲ့ တွေ့ဆုံခွင့်ပြုဖို့ မေတ္တာရပ်ခံချက်အရ အခုလိုတွေ့ဆုံခွင့်ပြုခဲ့တာပါ။

ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခဲ့ပုံကို ဥရောပသမဂ္ဂအဖွဲ့ကိုယ်စားလှယ် ဗြိတိသျှသံအမတ်ကြီးကပြောပြရာမှာ ဒေါ်အောင်ဆန်းစုကြည် ပြတ်သားပုံကတော့ အံ့မခန်းပါဘဲ၊ ဒေါ်အောင်ဆန်းစုကြည်ဟာ သူဆွေးနွေးတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီးတော့လည်း ထဲထဲဝင်ဝင်သိတယ်၊ သူပြောချင်တာကိုလည်း ခါတိုင်းလိုဘဲ စိတ်ဝင်တစားနဲ့ရှင်းရှင်းလင်းလင်းပြောဆိုပါတယ်လို့ ပြောပါတယ်။

"စီးပွားရေးပိတ်ဆို့အရေးယူမှု အရှေ့အလား အလာနဲ့ပတ်သက်ပြီးဗြိတိသျှ သံအမတ်ကြီးကဆက်လက်ပြောဆိုရာမှာ ပိတ်ဆို့အရေးယူတာတွေဟာ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေ တွေ့မြင်ရဖို့ဆိုတဲ့ မိမိတို့ရဲ့ပိုင်းဖြတ်ချက်ပါဘဲ။ ဒါဟာ စစ်အုပ်စုဆီကို မိမိတို့ပေးပို့လိုက်တဲ့ ခိုင်မာတဲ့နိုင်ငံရေး သတင်းစကားလည်းဖြစ်ပါတယ်။"

လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေနဲ့ပတ်သက်ပြီး သိသာထင်ရှားတဲ့တိုး တက်မှုတွေအတွက် မိမိတို့ကလည်းပြန်လည်တုန့်ပြန်မှာပါ၊ ဒါပေမယ့် အမှန်တကယ်တိုးတက်မှုရှိ မရှိကိုတော့ အသေအချာကြည့်ရမှာဖြစ်ပါတယ်လို့ ပြောကြားခဲ့ပါတယ်။

တွေ့ဆုံဆွေးနွေးပွဲနဲ့ပတ်သက်ပြီး ဩစတြေးလျားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့ရာမှာလည်း ဒီပွဲဟာ မြန်မာအာဏာပိုင်တွေအတွက်ရော၊ ဒေါ်အောင်ဆန်းစုကြည်အတွက်ပါ အပြုသဘောဆောင်တဲ့ခြေလှမ်းတရပ်ဖြစ်ကြောင်း၊ ရှေ့ကိုလည်းဆက်လက်ပြီး တွေ့ဆုံမှုတွေတိုးတက်ပေါ်ပေါက်လာမယ်လို့ ဩစတြေးလျားအစိုးရကမျှော်လင့်ကြောင်း၊ ဩစတြေးလျားဝန်ကြီးချုပ်နဲ့ ပြည်သူတွေကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံနေပါကြောင်း ဖော်ပြထားပါတယ်။

ဒီအတောအတွင်း အင်ဒိုနီးရှားအစိုးရကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာစစ်အစိုးရကိုယ်စားလှယ် ဦးအောင်ကြည်တို့ရဲ့ တွေ့ဆုံမှုတွေကိုကြိုဆိုလိုက်ပါတယ်။ ☆☆☆☆☆

**မြန်မာနိုင်ငံဆိုင်ငံဆိုင်ရာ ဂျပန်သံရုံးအတွင်းဝန် ဦးဝင်းတင်နဲ့ တွေ့ဆုံဆွေးနွေး** — စာမျက်နှာ ၂

**အိုဘားမားမိန့်ခွန်းမှာ ဒေါ်အောင်ဆန်း စုကြည် ဒီမိုကရေစီ သံနိဋ္ဌာန်ခိုင်မာမှု ပြောဆို** — စာမျက်နှာ ၅

**ဗိုလ်သန်းရွှေအား ဗုဒ္ဓဘာသာ အဖြစ်မှထုတ်ပယ် သာသနာဖျက် အဖြစ်သတ်မှတ်** — စာမျက်နှာ ၁၀

**၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ရောက် နိုင်ရန် စစ်မှုထမ်းဟောင်း အဖွဲ့ ပြင်ဆင်ဖွဲ့စည်း** — စာမျက်နှာ ၁၃

**မလေးရှားက မြန်မာအလုပ်သမား ၂၀၀ ခန့် မြန်မာနိုင်ငံပြန်ပို့ခံရ** — စာမျက်နှာ ၁၄

VOB အာဘော်

# နိုင်ငံရေးသတိ

၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကို ကျင်းပမည်ဟု လုသိရှင်ကြားထုတ်ပြန်ကြေညာခဲ့စဉ်ကတည်းက နအဖစစ်အာဏာရှင်များသည် ထိုပန်းတိုင်ကို ရောက်ရှိရေး စိတ်ရှည်လက်ရှည်ဖြင့် နိုင်ငံရေးအကွက်အကွင်း ကျစေရန် လုပ်ဆောင်ကြိုးပမ်းနေခဲ့သည်။ မြန်မာ့နိုင်ငံရေးအခြေအနေ ရှေ့မတိုးနောက်မဆုတ် ဖြစ်နေသည့်အခြေအနေ နှစ်ပေါင်း ၂၀ ရှိလာပြီးနောက် ရွေးကောက်ပွဲဆိုသည့်အသံထွက်ပေါ်လာသောအခါ နိုင်ငံတကာအသိုင်းအဝိုင်းသည် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်ရန်နှင့် သက်ဆိုင်ရာနိုင်ငံရေးအင်အားစုများအားလုံးပါဝင်သည့် ရွေးကောက်ပွဲဖြစ်ရန်လိုသည်ဟု ပြောဆိုလာခဲ့သည်။

နိုင်ငံတွင်းအခြေအနေများကို မိမိတို့စိတ်တိုင်းကျကိုင်တွယ်အုပ်ချုပ်နိုင်သည့်စစ်အာဏာရှင်နအဖသည် ပြည်တွင်းအနေအထားကို မပူသော်လည်း နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင်မူ မြန်မာနိုင်ငံအပေါ်ထားရှိသည့် နိုင်ငံတကာအသိုင်းအဝိုင်း၏သဘောထားကို အလေးဂရုမူရပေသည်။ အကြောင်းမူကား တံခါးပိတ် ဝါဒကို ကျင့်သုံး၍မရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာက လက်ခံနိုင်မည့်အခြေအနေကိုဖန်တီးလာခဲ့သည်။

တချိန်တည်းမှာပင် အမေရိကန်ဦးဆောင်သော အနောက်နိုင်ငံများ၏ပြစ်ဒဏ်ခတ်အရေးယူမှုများသည် မိမိတို့အား အမှန်တကယ်ထိခိုက်လာသောအခါ ပြည်သူလူထုထိခိုက်ပါသည်၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိုထိခိုက်ပါသည်၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းဖြစ်ပါသည်ဟု ပြောဆိုလာသည်။ ယခင်က ပြောဆိုခဲ့သည့် ပြစ်ဒဏ်ခတ်အရေးယူမှုများသည် မြန်မာ့စီးပွားရေးအားထိခိုက်မှုမရှိပါ၊ အကြောင်းမှာနိုင်ငံတကာ၏ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်ဆက်ဆံမှုများ ကြီးမားခြင်းမရှိသောကြောင့်ဟု ဆိုခဲ့သည်။ သို့သော် ယခုမူ ထိုသို့သောပြောဆိုချက်များနှင့်ပြောင်းပြန်ဖြစ်လာခဲ့သည်။

ထိုအတွက် အမေရိကန်နှင့်တိုက်ရိုက်ဆွေးနွေးမှုများကို စတင်လာလေသည်။ အမေရိကန်၌အစိုးရအဖွဲ့အပြောင်းအလဲဖြစ်၊ နိုင်ငံခြားရေးမူပြန်လည်သုံးသပ်မှု လုပ်ချိန်နှင့်ကိုက်ညီစွာ နအဖသည် နိုင်ငံရေးကစားကွက်အရွေ့အပြောင်းလုပ်လာလေသည်။ ဒေါ်အောင်ဆန်းစုကြည်မပါသောနိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်နိုင်ရန်ကြိုးစားလာသည်။ နေအိမ်အကျယ်ချုပ်ကိုထပ်မံချုပ်နိုင်ရန်အမှုသစ်ဆင်ကာလုပ်ဆောင်ခဲ့သည်။ အမေရိကန်နှင့်ဆွေးနွေးမှုများစတင်ပြုလုပ် နေချိန်တွင် တနှစ်နှင့်ကိုးလကြာ တွေ့ဆုံခြင်းမပြုသော အလုပ်သမားဝန်ကြီးဦးအောင်ကြည်ကို ဒေါ်စုနှင့်တွေ့စေခဲ့သည်၊ ရန်ကုန်ရှိ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျားသံတမန်များနှင့် ဒေါ်စုကိုတွေ့ခွင့်ပေးခဲ့သည်။

သတိမမူပဲကြည့်လိုက်လျှင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးဖြစ်ထွန်းမှုအသစ်များရှိလာပြီကို မြင်တွေ့နိုင်သည်၊ သို့သော် နက်နက်နဲနဲတွေးတော၍ကြည့်လိုက်လျှင် ရန်ကုန်မြို့တွင်းနိုင်ငံရေးဖြစ်ထွန်းမှုများသည် အမေရိကန်နှင့် နအဖတို့ဆွေးနွေးမှုများ၊ မြန်မာပြည်အပေါ်ထားသည့်အမေရိကန်သဘောထား စစ်အာဏာရှင် များ အလိုကျဖြစ်လာစေရန်(ပြစ်ဒဏ်ခတ်အရေးယူမှုဖယ်ရှားရန်)လုပ်ပြနေခြင်းဖြစ်သည်ဟု မြင်တွေ့နိုင်သည်။ တဖန် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသား လူမျိုးစုများက ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဟု တရားဝင်အတိအလင်းကြေညာစေမည့် ထိုသို့သောအခြေအနေများကို ဖန်တီးနိုင်ရေးကို ကြိုးပမ်းမည့်အရိပ်လက္ခဏာများကို မြင်တွေ့နေရသောကြောင့် မြန်မာနိုင်ငံ၌ စစ်မှန်သောဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေသူများအနေဖြင့် နိုင်ငံရေးဖြစ်ထွန်းမှုများကို သတိရှိရှိဖြင့်ကြည့်မြင်သုံးသပ်ရန်လိုအပ်ကြောင်းရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံဆိုင်ငံဆိုင်ရာ ဂျပန်သံရုံးအတွင်းဝန် ဦးဝင်းတင်နဲ့တွေ့ဆုံဆွေးနွေး

**NEJ၊ အောက်တိုဘာ ၇ ။** ။ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဦးဝင်းတင်ကို ယမန်နေ့က ဖိတ်ခေါ်တွေ့ဆုံမှုပြုလုပ်ခဲ့ပါတယ်။

ဂျပန်သံရုံးရဲ့ဖိတ်ခေါ်မှုနဲ့စပ်လျဉ်းပြီး ဦးဝင်းတင်ကအခုလိုရှင်းပြပါတယ်။ “လွန်ခဲ့တဲ့ရက်ပိုင်းက ကျနော်ကသတင်းမီဒီယာတခုမှာ ဂျပန်နိုင်ငံအနေနဲ့မြန်မာနိုင်ငံကို စျေးကွက်တခုအနေနဲ့သာမကြည့်ဘဲနဲ့ နိုင်ငံရေးဖြေရှင်းမှုတွေလိုအပ်နေတဲ့နိုင်ငံ၊ မိမိတို့လည်းပါဝင်ဖြေရှင်းဘို့တာဝန်ရှိတဲ့နိုင်ငံအနေနဲ့ အသိအမှတ်ပြုပါဆိုတဲ့ သဘောပြောဆိုခဲ့ဘူးပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ သူတို့တွေ့ချင် သိချင်တာလေးတွေရှိလို့ ကျနော့်ကိုဖိတ်တာပါ။” လို့ ဦးဝင်းတင်ကရှင်းပြပါတယ်။

၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်နှင့် ဂျပန်သံရုံးတို့ပထမအကြိမ်တွေ့ဆုံမှုဖြစ်ပြီး ဦးဝင်းတင်ကမြန်မာ့နိုင်ငံရေးအခြေအနေများကို အဓိကဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

“ကျနော်တို့အနေနဲ့ကတော့ ဘယ်အိမ်နီးချင်းနဲ့မဆို ချွေးထွေးစွာဆက်ဆံချင်တယ်၊ ကျနော်တို့ဒီမိုကရေစီအရေးလုပ်နေတဲ့သူတွေအပေါ်မှာလည်း စာနာထောက်ထားမှုတွေရှိစေချင်တယ်။ အဲဒီလိုနိုင်ငံတွေထဲမှာ ဂျပန်နိုင်ငံလည်းပါတယ်။ ဂျပန်နိုင်ငံဟာအာရှမှာ အချမ်းသာဆုံးနိုင်ငံဖြစ်သလို မြန်မာနိုင်ငံနဲ့လည်းသမိုင်းကြောင်းအရ ဆက်စပ်မှုတွေရှိခဲ့တယ်။ အဲဒီတော့ အနောက်နိုင်ငံတွေက ဒီမိုကရေစီအရေးလုပ်ရှားမှုတွေကို ကာကွယ်စောင့်ရှောက်နေသလို ဂျပန်နိုင်ငံရဲ့စောင့်ရှောက်မှုတွေကို ကျနော်တို့တန်ဘိုးထားတယ်ဆိုတာကို ပြောတယ်။” လို့ ဦးဝင်းတင်က ပြောပါတယ်။

ဂျပန်အစိုးရအနေနဲ့ မြန်မာစစ်အစိုးရရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ရပ်တန့်ကရပ်ရန်ဆိုတဲ့ ထိရောက်တဲ့ဖိအားပေးမှုမျိုးပြုသင့်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးတောင်းဆိုရာတွင်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးလုပ်ရန်လိုတဲ့အချက်နဲ့ ယှဉ်တွဲတောင်းဆိုပေးရန်တို့ကို အဓိကထားပြောဆိုခဲ့ကြောင်း သိရပါတယ်။

ယမန်နေ့ညနေ ၄ နာရီခန့်မှစ၍ ၁ နာရီခန့်တွေ့ဆုံမှုတွင် ဂျပန်သံရုံးအတွင်းဝန်က ဦးဝင်းတင်ရဲ့အမြင်သဘောထားများကို အဓိကထားမေးမြန်းခဲ့ပြီး တုန့်ပြန်ဆွေးနွေးမှုမရှိကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပခဲ့တဲ့ မဲခေါင်ဒေသဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအိုကားဒါးက မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းနှင့်တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန်တိုက်တွန်းခဲ့ပါတယ်။

အဆိုပါတိုက်တွန်းမှုကို အဖွဲ့ချုပ်ကကြိုဆိုပြီး အာဆီ ယံနိုင်ငံများအနေဖြင့်လည်း အလားတူတောင်းဆိုမှုများပြုသင့်တယ်လို့ ဦးဝင်းတင်က ပြောပါတယ်။ “အာဆီယံလိုအိမ်နီးချင်းအဖွဲ့အစည်းကိုလည်း ကျနော်တို့တန်ဘိုးထားတယ်၊ ကျနော်တို့ရဲ့ဒီမိုကရေစီလှုပ်ရှားမှုတွေကို ကူညီစေချင်တယ်။ ကျနော်တို့ရဲ့ ဒီမိုကရေစီအရေးကြိုးပမ်းမှု အောင်မြင်မှသာလျှင် အိမ်နီးချင်းနိုင်ငံတွေ အတွက်လည်း ဒေသတွင်းတည်ငြိမ်မှုတွေရနိုင်မယ်၊ စစ်အစိုးရပြောနေတဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုသာ ဇွတ်တိုးပြီးသွားမယ်ဆိုရင် တနေ့သောအခါမှာ ဒေသတွင်းတည်ငြိမ်မှုကို အနှောင့်အယှက်ဖြစ်လာလိမ့်မယ်။” လို့ ဦးဝင်းတင်ကပြောဆိုပါတယ်။

# ဒေါ်စုနှင့် ဦးအောင်ကြည်တို့ တွေ့ဆုံဆွေးနွေးခြင်းကို တိုးတက်နိုင်ဖွယ်ရှိဟု ပြောဆို

**DVB ၊ အောက်တိုဘာ ၅ ။** ။ ပြီးခဲ့တဲ့ စနေနေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖဆက်ဆံရေး ဝန်ကြီး ဦးအောင်ကြည်တို့ တွေ့ဆုံ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တာ နိုင်ငံရေးပြသနာတွေ ဖြေရှင်းနိုင်မယ့်အဆင့်အထိ တိုးတက်လာနိုင်ဖွယ် ရှိတယ်လို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့က ပြောကြားလိုက်ပါတယ်။

စီးပွားရေးပိတ်ဆို့ထားတဲ့ ကိစ္စတွေကို ပူးပေါင်းဖြေရှင်းဖို့ ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ ၂၅ ရက်နေ့စွဲနဲ့ ဗိုလ်ချုပ်သန်းရွှေဆီ စာတစောင် ပေးပို့လိုက်ပါတယ်။ ဒီစာအရ နအဖဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည် ရန်ကုန်ကို သွားပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့တာလို့ တနင်္ဂနွေနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။ အာဏာပိုင်တွေဘက်က ဒီလို တုံ့ပြန်မှုပြုခဲ့တာဟာ ကောင်းတဲ့အလားအလာဖြစ်တယ်လို့ ဦးခင်မောင်ဆွေက ပြောပါတယ်။

"ဝန်ကြီးချုပ်သိန်းစိန်ကလည်း စီးပွားရေးပိတ်ဆို့မှုတွေကို ဖယ်ပေးပါလို့ ပြောထားပါတယ်။ ဒါကိုထင်ဟပ်တဲ့ သဘောထားတွေ ဒေါ်အောင်ဆန်းစုကြည်ဆီကနေ ထွက်ပေါ်လာတော့ ဒါကတိုင်းပြည်နဲ့လူမျိုး အကျိုးစီးပွားအတွက် နိုင်ငံရေးသမားတွေရော၊ အုပ်ချုပ်သူရော ငြင်းပယ်လို့ရနိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။ တိုင်းပြည်နဲ့လူမျိုးအကျိုးစီးပွားကို ရှေးရှုပြီးလုပ်နေကြတဲ့ လုပ်ငန်းတွေဖြစ်ရင် ပြည်သူတွေကောင်းစားဖို့ တိုင်းပြည်ကြီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပထမခြေလှမ်းဖြစ်နိုင်တယ်။"

မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြချက်အရ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပေးစာနဲ့ပတ်သက်ပြီး ခေါ်ယူဆွေးနွေးတာလို့သိရပြီး တခြားဘာတွေ ဆွေးနွေးကြတယ်ဆိုတာကို မသိနိုင်ဘူးလို ဦးခင်မောင်ဆွေက ပြောပါတယ်။ ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးမှုတွေကို နှစ်ဘက်သဘောတူညီချက်မရဘဲ ထုတ်ဖော်ပြောဆိုတာမျိုးမလုပ်ဖို့ နှစ်ဘက် သဘောတူထားတယ်လို့ဆိုပါတယ်။ စီးပွားရေးပိတ်ဆို့မှုတွေနဲ့ပတ်သက်ပြီး ပူးပေါင်းဖြေရှင်းဖို့ဆိုတဲ့ ဒေါ်အောင်ဆန်စုကြည်ရဲ့တောင်းဆိုချက်တွေကို အာဏာပိုင်တွေဘက်ကနေပြီး လိုက်လျောမလားဆိုတာကို အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးခင်မောင်ဆွေက အခုလိုတုံ့ပြန်ပါတယ်။

"ဒါတွေက ဘယ်နိုင်ငံတွေက အင်ပို့စ်လုပ်ထားလဲ၊ ဘယ်လောက်ထိ၊ ဘာကြောင့်လုပ်ရတာလဲဆိုတဲ့ ဒေတ်လျူကိစ္စတွေပေါ့။ ဒါတွေက မှတ်တမ်းတွေရှိတဲ့အတွက် အာဏာပိုင်တွေအဖို့ သိပ်ခက်ခဲတဲ့ကိစ္စတွေ မဟုတ်ပါဘူး၊ တွေ့ဆုံဆွေးနွေးပြီး အခြေခံအချက်အလက်တွေကို နှစ်ဘက်ဖိပြီး လေ့လာပြီး အနေအထားတခုကို ရောက်အောင်သွားလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။"

နိုင်ငံတကာက စီးပွားရေးပိတ်ဆို့ထားတဲ့ကိစ္စနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကနေ ရှေ့တဆင့်တက်နိုင်မှသာ တိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့နိုင်ငံရေးပြဿနာတွေကို ပြေလည်အောင်ဖြေရှင်းနိုင်မှာ ဖြစ်တယ်လို့ ဦးခင်မောင်ဆွေက ပြောကြားခဲ့ပါတယ်။

"နိုင်ငံရေးရဲ့အနေအထား ပုံသဏ္ဍာန်က နည်းနည်းပြောင်းသွားပြီဆိုတော့ လက်ခံရမှာပဲ။ အဲဒီ အပြောင်းအလဲက ကောင်းတဲ့ဘက်ကို မျက်နှာမူနေပြီလို့မပြောချင်လည်း ပြောလို့ရတာပေါ့။ ရှေ့ဆက်ပြီးတော့ ဒီအတိုင်းပဲ ရှေ့ဆက်လျှောက်သွားမှာလား နောက်ဆုံးမှာ ပြဿနာအားလုံး ဖြေရှင်းနိုင်မယ့် အနေအထားကိုရောက်သွားနိုင်မှာ ဖြစ်ပါတယ်။ အစပဲ ရှိပါသေးတယ်။ ကောင်းမယ်၊ မကောင်းဘူး၊ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူး ဆိုတာတွေကို အန်ကယ်လ်တို့ ကြိုပြီး ပြောလို့မရပါဘူး။"

"ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံတော်အကြီးအကဲ ဗိုလ်သန်းရွှေတို့ တွေ့ဆုံ ဖြေရှင်းမှသာလျှင် နိုင်ငံရေးပြဿနာအားလုံးက ဖြေရှင်း သွားနိုင်တယ်လို့ အန်ကယ်လ်တို့ အခိုင်အမာယုံကြည်တယ်ဆိုတာကို ရွှေဂုံတိုင်ကြေညာစာတန်းမှာ ပါပြီးဖြစ်ပါတယ်။ အဲ့အတိုင်းပဲ ရပ်တည်ထားတဲ့အတွက် စီးပွားရေးပိတ်ဆို့မှုကို ဒေါ်အောင်ဆန်းစုကြည်က ပူးပေါင်းဖြေရှင်းချင်တယ်ဆိုတော့ အဲဒီကတဆင့်ပြီး တဆင့် နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းတဲ့ အဆင့်ထိ လုပ်နိုင်ဖွယ်ရာရှိတယ်လို့ပဲ ယူဆရမှာပါ။"

# အေအေပီပီဘီမှ ကိုဘိုကြည်ကို လူ့အခွင့်အရေးဆုချီးမြှင့်

**DVB ၊ အောက်တိုဘာ ၇ ။** ။ အမေရိကန်နိုင်ငံအခြေစိုက် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်ကို ၂၀၀၉ ခုနှစ် အတွက် ဆုရွေးချယ်ပေးအပ်လိုက်ပါတယ်။

ဒီနေ့ထုတ်ပြန်တဲ့ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ထုတ်ပြန်ချက်မှာ လူ့အခွင့်အရေး တိုးတက်ဖြစ်ထွန်းမှုအတွက် ဇွဲရှိရှိ၊ သတ္တိရှိရှိလုပ်သူ ၄ ဦးကို ဒီနှစ်အတွက် ရွေးချယ်ပေးအပ်ခဲ့တာလို့ ဖော်ပြထားပါတယ်။ ဒီဆုကို Alison Des Forges Defender ဆု လို့ အမည်ပေးထားပါတယ်။ ဒီနှစ် ဖေဖော်ဝါရီမှာ ကွယ်လွန်သွားတဲ့ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ရဲ့ အာဖရိကတိုက်ဆိုင်ရာ အကြီးတန်းအကြံပေး Dr. Alison Des Forges အမည်ကို ယူပြီး လူ့အခွင့်အရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်းသူတွေကို ချီးမြှင့်တာလို့ ဆိုပါတယ်။

ဒီနှစ်အတွက် ဆုကို ၄ ဦး ရွေးချယ်ရာမှာ ကိုဘိုကြည်နဲ့အတူ ဆုရသူတွေက ရုရှားက သတင်းထောက်တဦး၊ အီသီယိုပီယားက ရှေ့နေတဦးနဲ့ ကွန်ဂိုနိုင်ငံက အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူတဦးတို့ ဖြစ်ပါတယ်။ ဒီဆုကို ရွေးချယ်ပေးအပ်ခံရတဲ့အတွက် မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးလှုပ်ရှားမှုကို အားဖြစ်စေတယ်လို့ ကိုဘိုကြည်က ပြောပါတယ်။

"တကယ်တော့ ဒီဆုဟာ ကျနော့်ကို ပေးတာ မဟုတ်ပါဘူး။ ဗမာပြည်ထဲမှာ၊ အကျဉ်းထောင်တွေထဲမှာ နှိပ်စက်ညှဉ်းပန်းမှုတွေ၊ မရားမှုတွေကို ကြံ့ကြံ့ခံတွန်းလှန်နေတဲ့ ကိုမင်းကိုနိုင်၊ ဦးခွန်ထွန်းဦးတို့လို နိုင်ငံရေးအကျဉ်းသားတွေ၊ ဗမာပြည်ထဲမှာ လူ့အခွင့်အရေးကို တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေတဲ့သူတွေကိုဂုဏ်ပြုတဲ့အနေနဲ့ ဒီဆုကိုပေးတယ်လို့ ကျနော်ခံစားရပါတယ်။"

နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ဖို့ နိုင်ငံတကာ အစိုးရတွေကို ပြောဆို စည်းရုံးတဲ့အခါမှာ ဒီလိုဆုတွေက အများကြီး အထောက်အကူဖြစ်စေပြီး သူကိုယ်တိုင်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ၊ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းနေကြတဲ့ အဖွဲ့ချုပ်ဝင် စတဲ့သူတွေအတွက်လည်း စိတ်ဓာတ်ခွန်အားဖြစ်စေတယ်လို့ ကိုဘိုကြည်က ပြောပါတယ်။ ဆုပေးတဲ့အဖွဲ့က ဆုရှင်တွေကို ဆုပေးပွဲအခမ်းအနား ကျင်းပချီးမြှင့်ပြီး နိုင်ငံတကာ အစိုးရတွေနဲ့တွေ့ဆုံခွင့်ရအောင် စီစဉ်ပေးမှာဖြစ်ပါတယ်။

ကိုဘိုကြည်ဟာ မနှစ်က နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးဖို့ ကမ္ဘာ့အနှံ့လက်မှတ်ရေးထိုးလှုပ်ရှားမှုမှာ လက်မှတ်ပေါင်း ၆ သိန်း ၈ သောင်းကျော်ရအောင် တက်တက်ကြွကြွဦးဆောင်လှုပ်ရှားသူတွေထဲက တဦးဖြစ်ပါတယ်။ သူဟာ နိုင်ငံရေးလှုပ်ရှားမှုအတွက် ထောင်ဒဏ် ၇ နှစ်ကျော် ကျခံခဲ့ဖူးပြီး သူ့ရဲ့ကြိုးပမ်းမှုတွေကြောင့် မနှစ်ကလည်း လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ချီးမြှင့်တဲ့ လူ့အခွင့်အရေး ကာကွယ်သူများဆုကို ရရှိခဲ့ကြောင်း သိရှိရပါတယ်။။

# ဆိုင်ကယ်များကို ဖမ်းဆီးဒဏ်ရိုက်နေမှုကြောင့် ဒေသခံများ ဒုက္ခရောက်

**DVB ၊ အောက်တိုဘာ ၇ ။** ။ မန္တလေးတိုင်း မိတ္ထီလာမြို့နယ်မှာ ယဉ်ထိန်းရဲတွေက သတ်မှတ်ချက်ထက်ပိုပြီး ဆိုင်ကယ်ဒဏ်ကြေးငွေ တောင်းနေတာကြောင့် ဒေသခံတွေ မကျေမနပ် ဖြစ်နေကြပါတယ်။

မိတ္ထီလာမြို့မှာ ယာဉ်စည်းကမ်း ကြပ်ကြပ်မတ်မတ်လုပ်ဖို့ မန္တလေးတိုင်းအဆင့် ယာဉ်ထိန်းရဲတွေပါ လာရောက်ပြီး မြို့နယ်ယာဉ်ထိန်းရဲနဲ့ ပူးပေါင်းဆောင်ရွက်နေစဉ်မှာ အခုလိုဖြစ်ပွားနေတာပါ။ မိတ္ထီလာမြို့နယ်မှာ ဆိုင်ကယ်အသွားအလာတွေကို ရှောင်တခင် စစ်ဆေးနေချိန် စည်းကမ်းချိုးဖောက်သူတွေကို သတ်မှတ်ဒဏ်ကြေးထက် ပိုကောက်နေလို့ ငွေကြေးကျပ်တည်းချိန်မှာ အခက်ကြုံနေရတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

“ဆိုင်ကယ်တစီး မိလိုက်တာနဲ့ ၁၂,၅၀၀။ ဒဏ်ငွေက အမှန်တကယ် ၁,၅၀၀ ပဲရှိတယ်။ ကျန်တာက စီမံခန့်ခွဲမှုနည်းဥပဒေဆိုပြီး ထည့်ရိုက်တယ်။ ဆိုင်ကယ်ပြစ်ချက်နဲ့ ပတ်သက်ပြီး ၄၁ မျိုးရှိတယ်တဲ့။ မနေ့က လူတယောက်ဆိုရင် ဆိုင်ကယ်၊ ဦးထုပ်၊ လူလိုင်စင် အပြည့်အစုံပါတာကို ဆိုင်ကယ် အိပ်ဇောမှာ သံချေးတက်လို့ ၁၂,၅၀၀ ဒဏ်ရိုက်တယ်၊ နောက်တယောက်ကဖမ်းပြီး လေပေါင်ချိန်တာ လေပေါင်မပြည့်လို့တဲ့။ အဲ့ဒါတွေက ဥပဒေနဲ့မညီညွတ်တော့ဘူးပေ့ါ။”

ရှောင်တခင်စစ်ဆေးနေတုန်း ထွက်ပြေးသူတွေကို လိုက်ဖမ်းမိတဲ့အခါ ဒဏ်ငွေဆောင်ခိုင်းရုံတင် မဟုတ်ဘဲ ကိုယ်ထိလက်ရောက် ဆိုင်ကယ်ဦး ထုပ်နဲ့ ရိုက်တယ်လို့ အဲဒီ မြို့ခံက ပြောပါတယ်၊ သုံးပတ်ဆက်တိုက် နေတိုင်းလိုလို ရှောင်တခင်စစ်ဆေးမှုနဲ့ မတန်တဆဒဏ်ကြေးကြောင့် ကျောင်းသားတွေ အခက်ကြုံနေတယ်လို့ ကျောင်းသားတဦးက ပြောပါတယ်။

“ရိုးရိုးဖမ်းတာ မဟုတ်ဘူး။ မီးပွိုင့် မီးနီနေတယ်ဆိုရင် သုံးလေးယောက် ရပ်နေရင်ရတယ်။ အခုက မီးပွိုင့်တဘက်ကို ချိုးလိုက်တာနဲ့ စကားပြောစက်နဲ့ လှမ်းပြောလိုက်တာ၊ ဟိုဘက် ဒီဘက် ပိတ်ဖမ်းတာ ဘယ်လိုမှ ပြေးလို့မရဘူး။ ကျနော်တို့က ကျောင်းသားဆိုတော့ ၂ ထောင်၊ ၃ ထောင်ထက် ပိုမပါဘူးလေ။”

ရိုက်တဲ့ ဒဏ်ငွေတွေက အနည်းဆုံး ၅ ထောင်ကနေ ၁ သောင်းခွဲအထိ ရှိပြီး ဒဏ်ငွေမဆောင်နိုင်ရင်လည်း ပြန်မလွှတ်တာကြောင့် ချေးငှားပြီးပေးရတယ်လို့ အဲဒီကျောင်းသားက ပြောပါတယ်။ ဆိုင်ကယ်ငှားမောင်းရတဲ့ တက္ကစီသမားတဦးကလည်း အခုဖမ်းဆီးမှုဟာ စည်းကမ်းထိန်းသိမ်းရေးမဟုတ်တော့ဘဲ လိုင်စင်ရဓားပြတိုက်သလို ဖြစ်နေပြီး ဖမ်းဆီးရာမှာလည်း ပုန်းလျှိုးကွယ်လျှိုးနဲ့ ဖမ်းကာ ဒဏ်ငွေရိုက်ရင်လည်း ၁ သောင်းအထက် ဆောင်နေရကြောင်းနဲ့ အဲဒီအဖမ်းအဆီးအတွက် ကယ်ရီအဖွဲ့အစည်းက ပြောဆိုတာတောင် မရဘူးလို့ပြောပါတယ်။ ဆိုင်ကယ်ကယ်ရီသမားတယောက်ရဲ့ တနေ့ဝင်ငွေက ၄ ၊ ၅ ထောင်ရှိတယ်ဆိုပေမယ့် တနေ့ကို ဆီဖိုး ၈၀၀ နှုန်း၊ အုံနာခ ၂ ထောင်နှုန်း၊ နှုတ်လိုက်တယ်ဆိုရင် စားလောက်ရုံ ကျန်တယ်ဆိုပေမယ့် တခါ ဖမ်းမိလိုက်ရင် ၄ ၊ ၅ ရက် ကုန်းရုန်းရှာဖွေရပြန်တယ်လို့ အဲဒီ ကယ်ရီသမားက ပြောပါတယ်။

“ဓါးပြ တိုက်နေသလိုပဲ။ နေရာစုံ နည်းမျိုးစုံနဲ့ ကျနော်တို့ကို လှည့်ပြီး ဖမ်းနေတယ်။ ဘယ်လိုမှ တောင်းပန်လို့မရဘူး။ အခန့်မသင့်ရင် မအေတွေ နှမတွေ အဆဲခံရသေးတယ်။ တားတဲ့အဆင့် မဟုတ်တော့ဘူး။ လာပြီဆိုရင် ဆိုင်ကယ်သော့ဖြုတ်၊ ဆိုင်ကယ် ဇွတ်ဆွဲ၊ ထွက်ပြေးရင် ဦးထုပ်တွေ ဘာတွေ ချွတ်ရိုက်တယ်။ မိန်းကလေးတွေဆိုလည်း လဲပြိုကုန်တာ။ ဒီမှာ ဆိုးဆိုးဝါးဝါးကို ဖြစ်နေတယ်။”

ဒီ စီမံချက်ဟာ မြို့တွင်းဆိုင်ကယ်တွေရော အနီးဝန်းကျင်ကျေးရွာတွေက ဈေးသည်တွေရဲ့ ဆိုင်ကယ်တွေပါမကျန် ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီး ဒဏ်ကြေးဆောင်ခိုင်းနေတာလို့ သူကပြောပါတယ်။ သီတင်းကျွတ်လပြည့်နေ့က ရွာတွေကနေ မြို့ပေါ်ဘုရားပွဲကိုလာတဲ့ ဆိုင်ကယ်အတော်များများ အဖမ်းခံရတယ်လို့ သူကပြောပါတယ်။ မတန်တဆ ဒဏ်ကြေးနဲ့ ကိုယ်ထိလက်ရောက် ရိုက်နှက် မှုတွေကို မြို့ခံလူထု၊ အထူးသဖြင့် ကျောင်းသားထုက မကျေမနပ်ဖြစ်နေကြတယ်လို့ ဆိုပါတယ်။ ပဲခူးမြို့မှာလည်း ပြီးခဲ့တဲ့ လကုန်ပိုင်းကစပြီး ဆိုင်ကယ်ဖမ်းဆီးတာ ပိုများလာတယ်လို့ မြို့ခံတွေက ပြောပါတယ်။ ယာဉ်ထိန်းရဲတွေက ဦးထုပ်မဆောင်းသူတွေ့ရင် လိုင်စင်ပါ စစ်ဆေးပြီး လိုင်စင်မရှိတဲ့ ဆိုင်ကယ်တွေကို သိမ်းထားလိုက်တယ်လို့ မြို့ခံတဦးက ပြောပါတယ်။ ဦးထုပ်မပါရင်ဒဏ်ငွေ ၆ ထောင်ပေးရပြီး ဦးထုပ်လည်းမပါ လိုင်စင်လည်းမရှိ သူတွေဆိုရင် သိန်းချီတဲ့ ဒဏ်ငွေဆောင်မှ ဆိုင်ကယ် ပြန်ရတယ်လို့ပြောပါတယ်။

# တိုင်းရင်းသားလူမျိုးများကောင်စီတိုက်တွန်းချက်ကေအဲန်ယူကန့်ကွက်

**NEJ ၊ အောက်တိုဘာ ၇ ။** ။ တိုင်းရင်းသားအဖွဲ့များကို လာမယ့် ၂၀၁၀ ရွေးကောက်ပွဲဝင်ရန်အတွက် တိုင်းရင်းသားလူမျိုးများကောင်စီ ENC ကထုတ်ပြန်တဲ့တိုက်တွန်းချက်သည် အဖွဲ့ရဲ့သဘောထားမဟုတ်ဘဲ လူတစုရဲ့သဘောထားသာဖြစ်တယ်လို့ ကရင်အမျိုးသားအစည်းအရုံး KNU ကပြောပါတယ်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အနာဂတ်မြန်မာ့နိုင်ငံရေးတွင် တိုင်းရင်းသားများပါဝင်ရန် တိုက်တွန်းထားတဲ့စာကို ENC အဖွဲ့က အမေရိကန်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်ထံယခင်လ ၂၈ ရက်တွင် ပေးပို့ခဲ့ခြင်းနဲ့ပတ်သက်ပြီး KNU ဒုဥက္ကဋ္ဌဖဒိုဒေးဗစ်သာကပေါ်က ပြောကြားခြင်းဖြစ်ပါတယ်။ သူက“ ဒီစာကို KNU ကကန့်ကွက်တယ်၊ KNU လိုင်းနဲ့လည်းဆန့်ကျင်တယ်။ ဒီစာထုတ်တာ ENC အဖွဲ့ရဲ့သဘောထားမဟုတ်ဘူး။ လူတဦး နှစ်ဦးရဲ့သဘောထားဘဲဖြစ်တယ်။ NGO တွေကလုပ်ခိုင်းတဲ့အတိုင်း လုပ်တဲ့လူအချို့ရှိတယ်။ ENC ကိုစဖွဲ့တာ နိုင်ငံရေးအဖွဲ့အစည်းအနေနဲ့ဖွဲ့တာမဟုတ်ဘူး။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးပေါ်ထွန်းရေးနဲ့ တိုင်းရင်းသားအားလုံးစုစည်းတဲ့ဆုံရပ်ဖြစ်ဘို့အတွက် ဖွဲ့ခဲ့တာ။” လို့ ပြောပါတယ်။

ပြည်ပရောက်တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ဖွဲ့စည်းထားတဲ့ ENC အဖွဲ့မှာ ကရင်ပြည်နယ်ကိုယ်စားလှယ်လို့ခံယူထားတဲ့လူတွေပါရှိပြီး KNU အနေနဲ့ပါဝင်ခြင်းမရှိတဲ့အတွက် ယခုဖြစ်ရပ်နဲ့ပတ်သက်ပြီး တစုံတရာဂယက်ရိုက်ခတ်မှု မရှိနိုင်လို့လည်းသူကပြောပါတယ်။ ENC အဖွဲ့ရဲ့အကြံပေးအဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးခွန်မားကိုဘန်းက

“ဒီစာနဲ့ပတ်သက်ပြီး အဖွဲ့ကတာဝန်ရှိသူအဆင့်ဆင့်ကိုမေးကြည့်တော့ ဘယ်သူမှမသိကြဘူး။ ဖွဲ့စည်းပုံမှာက သဘာပတိအဖွဲ့ဟာ နိုင်ငံရေးဦးဆောင်မှုတာဝန်ရှိပြီး အထွေထွေအတွင်းအရေးမှူးအဖွဲ့ဟာ နေ့စဉ်လုပ်ငန်းတာဝန်လုပ်ဆောင်ဘို့ဖြစ်တယ်။ ဒီလိုအထွေထွေအတွင်းရေးမှူးလက်မှတ်ထိုးပေးတဲ့စာကို အဖွဲ့ရဲ့သဘောထားစာလို့ သတ်မှတ်လို့မရဘူး။ ENC ဥက္ကဋ္ဌ ခူးထဲဘူးဖဲကလည်း ဒီစာနဲ့ပတ်သက်ပြီးဘာမှမသိရဘူးလို့ပြောပါတယ်။” လို့ပြောပါတယ်။

အဆိုပါစာသည် အဖွဲ့ရဲ့သဘောထားအမှန်မဟုတ်ကြောင်းသိရှိရန်နဲ့ ဒီပြဿနာကိုဖြေရှင်းရန် လာမယ့် ၃ လပတ်အစည်းအဝေးမှာ အကျေအလည်ဆွေးနွေးမယ်လို့ ENC ဥက္ကဋ္ဌ ခူးထဲဘူးဖဲကပြောပါတယ်။

ENC သည် နအဖ ရဲ့ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို လုံးဝလက်မခံကြောင်း၊ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း လက်မခံကြောင်း၊ သို့ရာတွင် ဝင်ရောက်အရွေးခံမယ့်တိုင်းရင်းသားအဖွဲ့များ ပုဂ္ဂိုလ်များနဲ့ ဆန္ဒမဲပေးမယ့်ပြည်သူလူထုကို ဆန့်ကျင်တိုက်ခိုက်သွားမှာမဟုတ်ကြောင်း သဘော ထားချမှတ်ထားတယ်လို့လည်း ပြောပါတယ်။

# အိုဘားမားပိန့်ခွန်းမှာ ဒေါ်အောင်ဆန်းစုကြည် ဒီမိုကရေစီ သံန္နိဋ္ဌာန်ခိုင်မာမှုပြောဆို

**RFA | အောက်တိုဘာ ၁၀ ။** ။ ဒီနှစ်အတွက် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် အဖြစ်ရွေးချယ်ခံလိုက်ရတဲ့ အမေရိကန်သမတဘာရက်ခ်အိုဘားမားကတော့ သူ့လိုနိုဘဲယ်လ်ဆုရှင်တဦးဖြစ်ပေမယ့် အခုအချိန်အထိဆက်လက်ဖမ်းဆီးခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လိုပုဂ္ဂိုလ်တွေအားလုံးနဲ့ ဒီဆုဟာ သက်ဆိုင်ပါတယ်လို့ ပြောဆိုလိုက်တာပါ။

တချိန်တည်းမှာဘဲ ဒေါ်အောင်ဆန်းစုကြည်နဲ့နိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လည်လွတ်မြောက်လာတာကိုမြင်တွေ့လိုတဲ့အကြောင်းကိုလည်း အမေရိကန်အစိုးရကထပ်ပြီးပြောခဲ့တာပါ။ ငြိမ်းချမ်းရေးနိုဘဲယ်လ်ဆုရှင်တွေထဲက တဦးတည်းသောဖမ်းဆီးထိန်းသိမ်းခံနေရသူ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဒီမိုကရေစီရေးစွမ်းဆောင်မှုတွေကို အခုနှစ်အတွက်ဆုရှင်ဖြစ်လာတဲ့ အမေရိကန်သမတဘာရက်ခ်အိုဘားမားက အလေးထားပြောဆိုလိုက်တာပါ။ သမတကဆုချီးမြှင့်ခံရကြောင်းသိရပြီးတဲ့နောက် ပြောဆိုလိုက်တဲ့နေရာမှာ ဒီဆုဟာသူ့အစိုးရကိုဂုဏ်ပြုတာထက် အဓိပ္ပါယ်ပိုတဲ့အကြောင်းပြောဆိုခဲ့တာဖြစ်ပါတယ်။

"ဒီဆုဟာကျနော့်အစိုးရရဲ့ကြိုးပမ်းချက်သက်သက်ကိုသာ ဆုချီးမြှင့်တာမဟုတ်ပါဘူး။ ကမ္ဘာတလွှားကရဲရဲရင့်ရင့်ကြိုးပမ်းရုန်းကန်နေကြသူတွေအတွက်လည်း ဖြစ်ပါတယ်။"

သမတအိုဘားမားက သူ့အနေနဲ့ဒီဆုလက်ခံရခဲ့ကြသူတွေနဲ့စာရင် ထိုက်ထိုက်တန်တန်ရခဲ့တာလို့တောင်မခံစားမိတဲ့အကြောင်းလည်း ပြောခဲ့တာပါ။ တကယ်တော့ ဒီနိုဘဲယ်လ်ငြိမ်းချမ်းရေးဆုဟာ ကမ္ဘာတဝန်းက လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတွေအတွက် စွမ်းစွမ်းတမံဆောင်ရွက်မှုတွေကြောင့် ၁၉၉၁ ခုနှစ်က ဆုရရှိခဲ့သူ ဒေါ်အောင်ဆန်းစုကြည်လိုပုဂ္ဂိုလ်မျိုးတွေနဲ့လည်း သက်ဆိုင်ပါတယ်လို့ သမတ က မနေ့တုန်းကဘဲမှတ်ချက်ပေးပြောသွားခဲ့တာဖြစ်ပါတယ်။

"ဒါကြောင့်လည်း တရားမျှတမှုနဲ့လူ့ဂုဏ်သိက္ခာအတွက် ကြိုးပမ်းနေသူတွေအားလုံးဟာလည်း ဒီဆုနဲ့သက်ဆိုင်ပါတယ်။ ရိုက်နှက်မှုတွေ ကျည်ဆံတွေကို ရင်ဆိုင်ပြီး လူ့အခွင့်အရေးအတွက် လမ်းပေါ်မှာချီတက်ခဲ့တဲ့ အမျိုးသမီးငယ်တဦးလို ဒီမိုကရေစီရေးအတွက် သံန္နိဋ္ဌာန်တွေကိုစွန့်လွှတ်ဘို့ငြင်းဆန်ရင်း ကိုယ့်အိမ်မှာအကျဉ်းကျခံနေရတဲ့ ခေါင်းဆောင်တယောက်၊ ကမ္ဘာကြီးရဲ့တခြားတဘက်မှာလှည့်လည်တာဝန်ထမ်းနေရတဲ့ စစ်သည်တွေ၊ ငြိမ်းချမ်းရေးအတွက် ကိုယ့်ရဲ့လုံခြုံမှု၊ လွတ်မြောက်မှုနဲ့ အသက်ကိုပါစွန့်လွှတ်ခဲ့ကြသူ ကမ္ဘာတဝန်းကအမျိုးသားအမျိုးသမီးတွေအားလုံးအတွက်လည်း ဖြစ်ပါတယ်။"

တချိန်တည်းမှာဘဲ အမေရိကန်ပြည်ထောင်စုအနေနဲ့ ငြိမ်းချမ်းရေးနိုဘဲယ်လ်ဆုရှင်တဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေပြန်လည်လွတ်မြောက်ရေးအတွက်လည်း ထပ်မံတိုက်တွန်းမှုတွေ လုပ်ခဲ့တာပါ။ သမတရဲ့နိုဘဲယ်လ်ငြိမ်းချမ်းရေးဆုရတဲ့အကြောင်း မှတ်ချက်ပေးစကားကိုကိုးကားပြီး အမေရိကန်အစိုးရရဲ့ရပ်တည်ချက်သဘောထားကို နိုင်ငံခြားရေးဌာနလက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် P J Crowley က မနေ့တုန်းကပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့တာဖြစ်ပါတယ်။

"ကျနော်တို့ဦးစားပေးထားတာကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့နိုင်ငံရေးအကျဉ်းသားတွေအားလုံးပြန်လွှတ်ပေးဘို့ပါ။ သမတရဲ့ နိုဘဲယ်လ်ငြိမ်းချမ်းရေးဆုကြေညာချက်မှာလည်း ဒေါ်အောင်ဆန်းစုကြည်ကို ကိုးကားပြီးပြောသွားတာကို ခင်ဗျားတို့သတိထားမိကြမှာပါ။"

မနေ့တုန်းကဘဲရန်ကုန်မြို့မှာရှိတဲ့ အမေရိကန်သံရုံးယာယီတာဝန်ခံအပါအဝင် ဗြိတိန်နဲ့ဩစတေးလျနိုင်ငံကသံတမန်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်မြို့အစိုးရဧည့်ဂေဟာမှာ မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုကိစ္စတွေနဲ့ပတ်သက်လို့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ခဲ့တာပါ။ အမေရိကန်အစိုးရအနေနဲ့ မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုတွေ ချမှတ်ထားပေမယ့် စစ်အစိုးရအနေနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ရင် ဆက်ဆံရေးတွေတိုးမြှင့်သွားဘို့ ပြောဆိုထားတာပါ။

ဒီလိုပြောင်းလဲမှုတွေလုပ်ဆောင်တဲ့နေရာမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးပြီး နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာပါဝင်ခွင့်ပြုဘို့လည်း အမေရိကန်အစိုးရက တစိုက်မတ်မတ်တောင်းဆိုနေခဲ့တာဖြစ်ပါတယ်။ မနေ့တုန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ အမေရိကန်အပါအဝင် သံတမန်တွေနဲ့တွေ့ခွင့်ရတဲ့အပေါ် အကောင်းမြင်သဘောထားရှိပေမယ့် ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေးဟာ မြန်မာနိုင်ငံအတွက်အရေးပါတဲ့ခြေလှမ်းအဖြစ် အမေရိကန်အစိုးရကရှုမြင်ထားဆဲဖြစ်တဲ့အကြောင်း နိုင်ငံခြားရေးဌာလက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် P J Crowley က ဆိုခဲ့တာဖြစ်ပါတယ်။

"တွေ့ဆုံမှုတွေဖြစ်ခဲ့တာကို ကျနော်တို့ကျေနပ်မိပါတယ်။ သိတဲ့အတိုင်းသူဟာ မြန်မာပြည်ရဲ့လက်ရှိကာလနဲ့အနာဂတ်အတွက် အင်မတန်မှအရေးပါတဲ့ပုဂ္ဂိုလ်တယောက်ပါ။ ဒါကြောင့်မို့ကျနော်တို့အနေနဲ့သူ့ကိုပြန်လွှတ်ပေးဘို့ သင့်တယ်လို့လည်းယုံကြည်ထားပါတယ်။"

အမေရိကန်နိုင်ငံခြားရေးဌာနလက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် P J Crowley ဖြစ်ပါတယ်။ ရှေ့လအတွင်း စင်္ကာပူနိုင်ငံမှာကျင်းပမယ့် APEC အာရှ ပစိဖိတ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ စီးပွားရေးခေါင်းဆောင်တွေရဲ့အစည်းအဝေးအတွင်း အာဆီယံခေါင်းဆောင်တွေနဲ့ သီးခြားတွေ့ဆုံဘို့စီစဉ်ထားပါတယ်။ ဒါပေမယ့်လည်း သမတအိုဘားမားရဲ့အာဆီယံခေါင်းဆောင်တွေနဲ့ ပထမဆုံးအကြိမ်တွေ့ဆုံမယ့် ဒီအစည်းအဝေးပွဲအတွင်း စစ်အစိုးရခေါင်းဆောင်တွေနဲ့တွေ့ဆုံစကားပြောဖြစ်မယ် မပြောဖြစ်ဘူးဆိုတာတော့ ရှင်းရှင်းလင်းလင်းမရှိသေးပါဘူး။

---

## ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်ဆံရေးဝန်ကြီးထပ်မံတွေ့ဆုံ

**RFA | အောက်တိုဘာ ၇ ။** ။ နေအိမ်အကျယ်ချုပ်ကျနေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာစစ်အစိုးရဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ ဒီကနေ့နေ့လည် ၁ နာရီခန့်က ၅ ရက်အတွင်း ဒုတိယအကြိမ်အဖြစ် ထပ်မံတွေ့ဆုံခဲ့ပါတယ်။

အခုလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အထွေထွေအတွင်းအရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရတာဝန်ရှိသူတို့ တွေ့ရှိတဲ့ကိစ္စနဲ့ပတ်သက်ပြီး NLD အနေနဲ့သိရကြောင်း ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းကအတည်ပြုပြောဆိုပါတယ်။ စစ်အစိုးရဝန်ကြီးဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ မိနစ် ၃၀ ကြာတွေ့ဆုံဆွေးနွေးခဲ့ကြတယ်ဆိုတာသိရပေမယ့် ဘယ်လိုအကြောင်းအရာတွေဆွေးနွေးတယ်ဆိုတာကိုတော့ အသေးစိတ်မသိရှိရပါဘူး။

ပြီးခဲ့တဲ့ ၃ ရက်နေ့ စနေနေ့တုန်းကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့စစ်အစိုးရကိုယ်စားလှယ် ဦးအောင်ကြည်တို့တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ NLD ပါတီအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခွင့်မရှိတာကြောင့် အခုလို ဒေါ်အောင်ဆန်းစုကြည်နဲ့စစ်အစိုးရတာဝန်ရှိသူတွေ ၂ ကြိမ်တိုင်တွေ့ဆုံခဲ့ပေမယ့် အသေးစိတ်ကိုတော့မသိရှိရဘူးလို့ ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းကပြောပါတယ်။

စက်တင်ဘာလ ၂၅ ရက်နေ့ကတော့ မြန်မာနိုင်ငံအပေါ်ပိတ်ဆို့အရေးယူထားတာတွေကို ရုတ်သိမ်းပယ်ဖျက်ပေးဘို့ စစ်အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စာတစောင်ရေးသားပေးပို့ခဲ့ပါတယ်။ အဲဒီစာရရှိတဲ့အတွက် စစ်အစိုးရကိုယ်စားလှယ် ရန်ကုန်ရောက်လာပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံတာဖြစ်ကြောင်း မြန်မာစစ်အစိုးရသတင်းစာမှာ ထုတ်ပြန်ရေးသားခဲ့ပါတယ်။

အကြောင်းအရာသေးစိတ်မသိရှိရပေမယ့် တုန့်ပြန်ဆွေးနွေးမှုလျင်မြန်မှုနဲ့ ဆက်ဆံရေးတိုးမြှင့်လာတာကို ပြည်တွင်းနိုင်ငံရေးအသိုင်းအဝိုင်းနဲ့ မြန်မာ့နိုင်ငံရေးလေ့လာသူတွေက သတိထားကြိုဆိုလိုက်ကြပါတယ်။

ကျော်ကျော်စိုး

# ဒီမိုကရေစီဖတ်စာ

## ဂျင်မီကာတာ
## ၃၉ ဦးမြောက် အမေရိကန်သမတ

ယနေ့ကမ္ဘာကြီး၏ အစိတ်အပိုင်းအတော်များများ၌ လူသားတို့၏ ဘဝအရည်အသွေးတိုးတက်ရန် အခွင့်အလမ်းများစွာပေါ်ထွန်းနေပြီဖြစ်သည်။ လွတ်လပ်သောစျေးကွက်စီးပွားရေးစနစ်နှင့်တွဲဘက်လျက် ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြောက်သောအစိုးရသည် ထိုအခွင့်အလမ်းများကို အမြင့်မားဆုံးနှင့် အကောင်းဆုံးကြိုးပမ်းလုပ်ဆောင်နိုင်သည်ကို ရှင်းလင်းစွာ မြင်တွေ့နိုင်ပေသည်။

မြောက်များလှစွာသောအစိုးရများသည် ဒီမိုကရက်တစ်အစိုးရများ အဖြစ် ပြောင်းလဲခဲ့မှုက သန်းပေါင်းများစွာသောလူသားများအား လွတ်လပ်မှုနှင့် သာယာဝပြောမှုတံခါးကို ဖွင့်လှစ်လိုက်ပြီဖြစ်ပေသည်။

သို့သော်လည်း ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ပေါ်ထွန်းလာသောနိုင်ငံသစ်များမှ ပြည်သူပြည်သားများ၏အိပ်မက်များပြည့်ဝလာရေးမှာ ဒီမိုကရေစီနှင့်ပတ်သက်သော ၎င်းတို့၏ခံယူချက်များကို လက်တွေ့ကျကျ လုပ်ဆောင်နိုင်ရေးပင်ဖြစ်သည်။

ဒီမိုကရေစီအား ခေတ်သစ်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ဆိုလျှင် အလုံးစုံသောအာဏာသည် ပြည်သူများ၏လက်ဝယ် သို့မဟုတ် ၎င်းတို့က ရွေးချယ်လိုက်သော ကိုယ်စားလှယ်များ၏လက်ဝယ်တွင်တည်ရှိသော အစိုးရပုံစံတမျိုးဖြစ်သည်။ ပြည်သူပြည်သားများသည် ကန့်သတ်ချုပ်ချယ်မှု ခံရခြင်းမရှိပဲ မျှတစွာဖြင့်၊ အချိန်မှန်စွာဖြင့်၊ လျှို့ဝှက်စွာဖြင့်ကျင်းပသော ရွေးကောက်ပွဲများမှတဆင့် ရွေးချယ်တင်မြောက်နိုင်သည့် အစိုးရတရပ်ဖြစ်ပေသည်။

ဒီမိုကရက်တစ်အစိုးရတရပ်ရှိနေခြင်းကြောင့် ပေါ်ထွန်းလာမည့် ကောင်းကျိုးများသည် အလိုအလျောက်ဖြစ်ပေါ်လာခြင်းမရှိပေ၊ ယခင်ကကြုံတွေ့ခဲ့ရသည့် ဆိုးရွားလှသည့် ရက်စက်ကြမ်းကြုတ်မှုများမှ လွတ်မြောက်ခြင်း၊ လိုချင်တော့င့်တမှုများမှ ကင်းလွတ်ခြင်း ဆိုသည့်လွတ်လပ်မှုများသည် မျက်လှည့်ပြသကဲ့သို့ ထွန်းကားလာမည်မဟုတ်ပေ။

ဒီမိုကရက်တစ်အစိုးရသည် ပြည်သူပြည်သားများ၏ ၎င်းတို့၏ အချင်းချင်းကြား အပြန်အလှန်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများသာမက အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ကိုတည်ဆောက်နိုင်ရေး၊ ထိန်းသိမ်းနိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းမှု များပြုလုပ်သည်။ ဒီမိုကရေစီထွန်းကားသောနိုင်ငံနှစ်နိုင်ငံအကြားတွင် မည်သည့်အခါမျှ စစ်ပွဲမရှိခဲ့ပေ။

ပြည်သူလူထုက ၎င်းတို့၏အစိုးရများကို ဒီမိုကရက်တစ်အစိုးရများ အဖြစ် စတင်ဖော်ဆောင်ရန် စီစဉ်သောအခါ ဒီမိုကရေစီလုပ်ငန်းစဉ်များသည် တခါတရံတွင် ရှုပ်ထွေးမှုများနှင့် ရှောင်လွှဲ၍မရသောအခက်အခဲများနှင့် ကြုံကြရလေ့ရှိသည်။ လူတဦးဦးသည် အစိုးရနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အကျွမ်းတဝင်မရှိသေးခြင်း သို့မဟုတ် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များသည် လုံခြုံစိတ်ချရမှုရှိသည်ဟု ခံစားရမှုမရှိခြင်းများကိုခံစားရမိ နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် နေ့တဓူဝကျင်လည် ဖြတ်သန်းနေရသည့် လုပ်ကိုင်လှုပ်ရှားမှုများသည် အစစအရာရာ ထိန်းချုပ်ကွပ်ကဲခံထားသည့် လူမှုအသိုင်းအဝိုင်းခေတ်ကထက် မျှော်မှန်းရခက်ခဲခြင်းကြောင့်ဖြစ်သည်။

ထိုအတွက်ရလဒ်အနေဖြင့် အသိဉာဏ်ပညာ ပိုမိုပွင့်လင်းကြွယ်ဝသော ခေါင်းဆောင်များသည် ၎င်းတို့နိုင်ငံများ လွတ်လပ်မှုနှင့် အခွင့်အလမ်းများတန်းတူရရှိရေးအတွက် ကြိုးပမ်းလာသည့်အခါ ဒီမိုကရက်တစ်အစိုးရ၏ အကျိုးရလဒ်များကို ရရှိခံစားနေသည့် ကျနော်တို့ထံမှ လမ်းညွှန်ချက်များကို ရယူလိုကြပေသည်။

အဆင့်အမျိုးမျိုးရှိသည့် ခေါင်းဆောင်များစွာတို့ဖြင့် စကားပြောဆိုဆွေးနွေးခဲ့စဉ်က ဒီမိုကရေစီရေးလုပ်ငန်းစဉ်အပေါ် ပြင်းပြလှသည့်စိတ်ဆန္ဒများကို သိမြင်ခဲ့ရပေသည်။ ၎င်းတို့သည် ကြုံတွေ့ရမည့်ဒီမိုကရေစီနိုင်ငံသစ်တွင် အခက်အခဲအတွန့်အရာယ် နည်းနိုင်သမျှ နည်းစေရန် သို့မဟုတ် ရှောင်လွှဲနိုင်စေရန်ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများကို လေ့လာသိရှိလိုကြပေသည်။

အစိုးရကထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများ အပြည့်အဝ ဖြစ်ထွန်းပြီးမြောက်စေရေးအတွက် ပြည်သူလူထုက အသိတရားရှိရှိဖြင့် တက်တက်ကြွကြွပါဝင်လှုပ်ရှားလျှင် အဆိုပါအစိုးရများသည် တည်ငြိမ်အောင်မြင်သည့် အစိုးရမျိုးဖြစ်လာနိုင်ပေသည်။ လူတိုင်းလူတိုင်းသည် လူတဦးချင်းစီ၏အခွင့်အရေးကို လေးစားတန်ဖိုးထားလျှင် အစိုးရများသည်လည်း လူ့အခွင့်အရေးကို ရှောင်လွှဲပစ်ပယ်၍မရတော့ပေ။ ဒီမိုကရေစီနိုင်ငံသစ် ထူထောင်လိုသောနိုင်ငံများ၊ တည်ဆဲဒီမိုကရေစီကို ပိုမိုတောင့်တင်းခိုင်မာစေလိုပါက ဒီမိုကရေစီ၏အခြေခံစည်းမျဉ်းများကို ထိပါးပျက်စီးစေသောအနေ အထားများကို ကောင်းစွာကိုင်တွယ်နိုင်ရေးသည် အရေးကြီးလှပေသည်။

---

# ကိုရွှေဂျိုး သွေးတိုးရောဂါ ခံစားနေရ

**DVB ၊ အောက်တိုဘာ ၁၀ ။ ။** ရန်ကုန်တိုင်း သတင်းတပ်ဖွဲ့က နိုင်ငံရေးအကျဉ်းသားမိသားစုများကို ငွေကြေးအကူအညီပေးလို့ဆိုပြီး ဖမ်းဆီးခံရတဲ့ ကိုရွှေဂျိုး အင်းစိန်ထောင်ထဲမှာ သွေးတိုးရောဂါနဲ့ ကျောက်ကပ်ရောဂါ ခံစားနေရတယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

ကိုရွှေဂျိုးကို အဖွဲ့ချုပ်က ကိုစိန်လှိုင်နဲ့အတူ အခုနှစ် မတ်လမှာ အဖမ်းခံခဲ့ရပြီး ပြီးခဲ့တဲ့လကမှ ထောင်တွင်း အထူးတရားရုံးက ပုဒ်မ ၁၇–၁ နဲ့ ရုံးတင်စစ်ဆေးနေတာဖြစ်ပါတယ်။ သူ့ရဲ့အမှုအတွက် ရှေ့နေနဲ့တိုင်ပင်ဆွေးနွေးခွင့်လည်း မရဘူးလို့လည်းကြားသိရပါတယ်။

“ကိုရွှေဂျိုးက အမှုရင်ဆိုင်နေဆဲ ကာလဖြစ်တယ်၊ စစ်ကြောရေးမှာလည်း ပြင်းပြင်းထန်ထန် အနှိပ်စက်ခံရတာလည်းရှိတယ်။ သွေးတိုးနဲ့ ကျောက်ကပ်ကလည်း သိပ်မကောင်းဘူးပေ့ါ။ တော်တော်လေးခံစားနေရတယ်လို့ကျနော်တို့ကြားသိရတယ်။ ပိုဆိုးတာက သူ့ကို ထောင်ဆရာဝန်က သေချာကုသမပေးတာရယ်၊ လိုအပ်တဲ့ ဆေးဝါးတွေဝယ်ဖို့အတွက် မိသားစုကို ခွင့်မပြုတာက အတော်ကိုဆိုးဝါးတဲ့အချက်ပဲ၊ တကယ်လို့ သူတို့က ကုသမပေးဘူးဆိုတောင်၊ မိသားစုကဝယ်ပြီးပို့တဲ့ ဆေးဝါးကို သူတို့လက်ခံသင့်တယ်၊ ပြီးတော့ ဒီဆေးဝါးတွေ ပုံမှန်သောက်ခွင့်တို့ လိုအပ်လို့ရှိရင် အထူးကုနဲ့ပြသခွင့်တို့ သေချာလုပ်ပေးသင့်တယ်။ ဒီလိုမလုပ်ပေးဘဲနဲ့ ဆေးဝါးလည်း ကုသမပေးဘူး၊ အပြင်ကနေမိသားစုကိုလည်း ကုသခွင့် ထောက်ပံ့ခွင့် မပေးဘူးဆိုတာက ကိုရွှေဂျိုးကို တမင်သက်သက် သတ်နေတာလားလို့ ထင်ရလောက် အောင်ဖြစ်နေပါတယ်။”

ထောင်တွင်းဆေးဝါးကုသမှုညံ့ဖျင်းမှုနဲ့ ကိုရွှေဂျိုးအမြဲသောက်နေတဲ့ ဆေးဝါးများကိုလည်း ထောင်က ခွင့်မပြုဘူး၊ ဆေးစာလည်း ထောင်ဆရာဝန်က မရေးပေးဘူးလို့ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်းရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူးဦးဘိုကြည်က ကိုရွှေဂျိုးရဲ့ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီး ပြောသွားတာပါတယ်။

# ဂျင်မ်ဝက်ဘ်ထံပေးစာ ပြည်တွင်းတိုင်းရင်းသားပါတီများရဲ့ရပ်တည်ချက်နဲ့မကိုက်ညီ

**NEJ၊ အောက်တိုဘာ ၇။** ။ တိုင်းရင်းသားလူမျိုးများကောင်စီက အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျင်မ်ဝက်ဘ်ထံပေးပို့ခဲ့တဲ့စာသည် တိုင်းရင်းသားအဖွဲ့အစည်းများကို ကိုယ်စားပြုခြင်းမရှိကြောင်းနှင့် ပြည်တွင်းတိုင်းရင်းသားပါတီများရဲ့ရပ်တည်ချက်နဲ့ ကိုက်ညီမှုမရှိကြောင်း ပြည်တွင်းတိုင်းရင်းသားခေါင်းဆောင်များက ပြောကြားလိုက်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီမှ ချင်းတိုင်းရင်းသားခေါင်းဆောင်တဦးဖြစ်သူဦးပူကျင့်ရှင်းထန်က "ကျနော်ပွင့်ပွင့်လင်းလင်းပြောရရင် တိုင်းရင်းသားလူမျိုးများကောင်စီ ENC ဆိုတာကလည်း ပြည်ထောင်စုမြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့အဖွဲ့မဟုတ်ဘူး။ အဲဒီအထဲမှာပါတဲ့လူတွေကလည်း ပြည်တွင်းမှာလူထုအတွက်အနစ်နာခံပြီး ထောင်ကျခဲ့ကြရတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းတာ ဆွေးနွေးတာလည်းမရှိဘူး။ ဒီလို ဂျင်မ်ဝက်ဘ်ဆီကိုစာရေးတယ်ဘာညာဆိုတာက ရွေးကောက်ပွဲမှာသူတို့ပါချင်တဲ့သဘော၊ သူတို့ကိုယ်ရေးအတွက်သာစည်းရုံးတဲ့သဘောဖြစ်တယ်လို့ဘဲ ကျနော်တို့သဘောရပါတယ်။" လို့ ပြောပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၈ ရက်တွင် ထိုင်းနိုင်ငံအခြေစိုက် တိုင်းရင်းသားလူမျိုးများကောင်စီ ENC က အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျင်မ်ဝက်ဘ်ထံ ၂၀၁၀ ရွေးကောက်ပွဲနဲ့စပ်လျဥ်းပြီး စာတစောင်ပေးပို့ခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးများကောင်စီရဲ့အထွေထွေအတွင်းရေးမှူး စောဒေးဗစ်ထောလက်မှတ်ရေးထိုးထားတဲ့အဆိုပါစာတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲအား ကြိုတင်ဆန့်ကျင်မှုမပြုရန်၊ ရွေးကောက်နဲ့ပတ်သက်တဲ့ပညာပေးသင်တန်းများပို့ချရေးနဲ့ ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့များဖွဲ့ရေးတို့တွင် အကူအညီပေးရန် စတဲ့အချက်များကိုထည့်သွင်းရေးသားဖော်ပြထားပါတယ်။

"အခု ကုလသမဂ္ဂကတောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဘို့ အားလုံးပါဝင်နိုင်တဲ့ရွေးကောက်ပွဲဖြစ်ဘို့ဆိုပြီးပြောနေတာဘဲ။ ကျနော်တို့ ပြည်တွင်းကတိုင်းရင်းသားပါတီတွေနဲ့ NLD ကလည်း ၂၀၀၈ ဖွဲ့စည်းပုံကိုပြင်ပေးဘို့၊ တွေ့ဆုံဆွေးနွေးရေးလုပ်ဘို့ ဒါတွေတောင်းဆိုနေကြတာလောလောဆယ်အားဖြင့် ဒါတွေကအရေးအကြီးဆုံးပါဘဲ။" လို့ ဦးပူကျင့်ရှင်းထန်ကပြောပါတယ်။

၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားပါတီများနဲ့ဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP အတွင်းရေးမှူးဦးအေးသာအောင်ကလည်း ၂၀၁၀ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရားမျှတသည်ဖြစ်စေ၊ မမျှတသည်ဖြစ်စေ တိုင်းရင်းသားပါတီများအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာမဟုတ်ဘူးလို့ ပြောဆိုပါတယ်။

"၂၀၁၀ ရွေးကောက်ပွဲဟာ ဒီမိုကရေစီနည်းကျပြုလုပ်မယ့် ရွေးကောက်ပွဲမဟုတ်ဘူး၊ တိုင်းရင်းသားလူမျိုးတွေအတွက် အကျိုးရှိစေမယ့်ရွေးကောက်ပွဲမဖြစ်နိုင်ဘူးလို့မြင်တယ်။ ပထမအချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးခွန်ထွန်းဦးတို့လိုတိုင်းရင်းသားခေါင်းဆောင်တွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရမယ်။ ၂၀၀၈ ဖွဲ့စည်းပုံကိုပြန်လည်သုံးသပ်ပြင်ဆင်ပေးရမယ်။ ဒါတွေမလုပ်ရင် ရွေးကောက်ပွဲကိုမဝင်ဘူး။" လို့ ဦးအေးသာအောင်ကပြောပါတယ်။

အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျင်မ်ဝက်ဘ်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခွင့်ရခြင်း၊ မစ္စတာယက်တောကိုခေါ်ထုတ်သွားခြင်းမျှဖြင့် သူရဲ့စွမ်းဆောင်မှု ၂၀၁၀ ရွေးကောက်ပွဲအပေါ် ပါဝင်ပတ်သက်နိုင်မှုကို အများကြီးမျှော်လင့်ထားလို့မရနိုင်ဘူးလို့လည်း ဦးအေးသာအောင်ကပြောပါတယ်။

"အမေရိကန်ကရော မြန်မာပြည်အတွက်ဘာများလုပ်ပေးနိုင်မှာလဲ။ ပြည်တွင်းကနိုင်ငံရေးအင်အားစုတွေမလုပ်ဘဲနဲ့ ဘာမှဖြစ်မလာနိုင်ဘူး။ နောက်ပြီးတော့ ဒီအစိုးရက ပြည်ပကလာပြီးကြီးကြပ်မယ်၊ စောင့်ကြည့်မယ်ဆိုတာကိုလည်း ဘယ်တုန်းကများလက်ခံခဲ့ဘူးလို့လဲ။ ပြည်ပကလာပြီးကြီးကြပ်နေလည်း ၂၀၀၈ ဖွဲ့စည်းပုံကိုမပြင်ရင် ၂၀၁၀ ရွေးကောက်ပွဲဟာ တိုင်းပြည်အတွက်အနာဂတ်ကောင်းမယ့် ရွေးကောက်ပွဲတရပ်ဖြစ်မလာနိုင်ဘူးလို့ဘဲမြင်တယ်။" လို့ ဦးအေးသာအောင်က ပြောပါတယ်။ တိုင်းရင်းသားလူမျိုးများကောင်စီ ENC ကို ၂၀၀၁ ခုနှစ်မှစ၍ ပြည်ပရောက်တိုင်းရင်းသားပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ စုဖွဲ့ထားခြင်းဖြစ်ကာ လက်ရှိဥက္ကဋ္ဌမှာ ခူးထဲဘူးဖဲဖြစ်ပါတယ်။

# အလုပ်လုပ်ချင်သူ များပြားနေသော်လည်း အလုပ်အကိုင် ရှားပါး

**DVB၊ အောက်တိုဘာ ၇။** ။ စိုက်ပျိုးရေးလုပ်ငန်းနဲ့ရေလုပ်ငန်းတွေမှာ ပြည်ပကလူတွေပြန်လာပြီး အလုပ်လုပ်ရင်တောင် အလုပ်တွေပိုလျှံနေသေးတယ်လို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောပေမယ့် လက်တွေ့မှာ မဟုတ်ဘူးလို့ ဧရာဝတီတိုင်း နာဂစ်ဒေသခံတွေက ပြောပါတယ်။

အစိုးရက အလုပ်တွေပေါတယ်ပြောနေပေမယ့် တကယ့်လက်တွေ့မှာ အလုပ်ရှားပါးပြီး ဧရာဝတီတိုင်း နာဂစ်ဒေသမှာဆိုရင် လူတွေ အငတ်ဘေးကြုံရတဲ့အထိဖြစ်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်၊ ငါးကောက်တဲ့ ငါးဒိုင်ကသူတွေ ရွှဲကောက်သွားပြီဆိုရင် ကောက်လာသမျှငါးတွေကို တွေ့သမျှလူတွေက တောင်းလို့ ကုန်သွားတဲ့အပြင် မပေးပြန်ရင်လည်း လုမယ့်သဘောမျိုးဖြစ်နေတဲ့အတွက် စားဝတ်နေရေးအခက်အခဲက အတော်ဆိုးဝါးနေတယ်လို့ ဆိုပါတယ်။ ဒီရက်ပိုင်းရေတက်ရက်တွေမှာလည်း ရေလုပ်ငန်းရှင်တွေအပြောအရ နှစ်စဉ် ဒီအချိန်ဟာ ပုဇွန်ငါးတက်ရမယ့်အချိန်ဖြစ်ပေမယ့် ဒီရေ အဆမတန်ကြီးပြီး ငါးပုဇွန်မပါတဲ့အတွက် ရေလုပ်ငန်းလုပ်ကိုင်သူတွေအတွက် အခက်အခဲတွေနဲ့ ကြုံတွေ့နေရတယ်လို့ဘိုကလေးမြို့ခံတဦးက ပြောပါတယ်။

"လယ်ယာ လုပ်ငန်းခွင်ကျတော့လည်း ရိတ်သိမ်းချိန် မကျသေးဘူး။ ပိုဆိုးတာက ရိတ်သိမ်းချိန်ကျရင်တောင် အပြည့်အဝ ရိတ်ခွင့်ရဖို့ဆိုတာ ခဲယဉ်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ စပါးပင်တွေ ကြွက်ကိုက်ကုန်လို့လေ။"

"အဲဒါကို သူတို့က အလုပ်အကိုင်တွေ ပေါပါတယ်ဆိုတာ တော်တော်ရယ်ချင်စရာကြီးပဲ။ ဒီမှာ ဘာအလုပ်ရှိလဲဆို ၂ လုံးရောင်းတဲ့အလုပ်ရှိမယ်၊ ၃ လုံးရောင်းတဲ့ အလုပ်ရှိမယ်၊ ဘောလုံးလောင်းတဲ့ အလုပ်ရှိမယ်၊ ဖဲ ဝိုင်းတွေရှိမယ်၊ ဒီ လောင်းကစားတွေအပေါ်မှာပဲ ရဲတို့ ဒီအာဏာပိုင်တို့က လိုင်းကြေးတောင်းစားတာ။ အဲလို လိုင်းကြေးတောင်းစားမှပဲ အလုပ်လုပ်လို့ရမယ်။"

ရန်ကုန်မှာဆိုရင်လည်း အလုပ်လုပ်ချင်သူတွေ အများကြီးရှိပေမယ့် အလုပ်ရှာရ ခက်ခဲကြောင်း၊ အောက်ခြေအဆင့် ဈေးရောင်းစားသူတွေတောင် အရင်းပြန်ရဖို့ တော်တော်ခက်ခဲနေပြီး လုပ်ငန်းနဲ့အလုပ်လိုအပ်ချက် မမျှမတ ဖြစ်နေတယ်လို့ ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"ပညာတတ်တွေတောင် အလုပ်တနေရာရဖို့ မလွယ်တာဆိုတော့ အတန်းပညာမရှိတဲ့လူက ပိုဆိုးတာပေါ့။ တနေ့လုပ် တနေ့စားက အစောပိုင်းတုန်းက နည်းနည်းမှန်တယ်။ အခုကျတော့ အလုပ်ရှားပါးလာတော့ ပိုဆိုးလာတယ်။"

မန္တလေးမြို့က ဖိနပ်လုပ်ငန်း လုပ်ကိုင်သူတဦးကလည်း စီးပွားရေးအခြေအနေမကောင်းလို့ အလုပ်နားထားရတဲ့အတွက် အလုပ်သမားတွေပါ နားနေရတဲ့အခါ တချို့အလုပ်သမားတွေက ဆိုင်ကယ်တက္ကစီလုပ်နေရတယ်လို့ပြောပါတယ်။ "တခြားလုပ်ငန်းတော့ ဘာမှမရှိဘူး။ ပညာတတ်တဲ့လူတွေလည်း အလုပ်ရှာနေတဲ့လူတွေ အများကြီး။ အလုပ်လုပ်ချင်တယ်၊ အလုပ်မရှိဘူး။ အဲဒါ တွေက ၁၀၀ ကို ၈၀ ရာခိုင်နှုန်းလောက် ရှိနေတယ်။"

အလုပ်အကိုင် ရှားပါးမှုကြောင့် ပိုင်ဆိုင်မှုတွေ ရောင်းချပြီး သားသမီးတွေကို ပြည်ပစေလွှတ် အလုပ်လုပ်ခိုင်းပေမယ့် အဆင်ပြေတဲ့ မိသားစုတွေရှိတယ်လို့ မကြားဖူးကြောင်း အဲဒီ ဖိနပ်လုပ်ငန်းလုပ်ကိုင်သူက ပြောပါတယ်။

# အခြေခံဥပဒေကို လိုက်နာဖို့လိုဟုဆို

**VOA । အောက်တိုဘာ ၁၀ ။ ။** မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးလိုတဲ့ နိုင်ငံကြီးတချို့ဟာ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ဘက်ပေါင်းစုံက အကျပ်ကိုင်လျက်ရှိတယ်လို့ စစ်ခေါင်းဆောင်ဗိုလ်ချုပ်သန်းရွှေက ပြောကြားလိုက်ပါတယ်။

မနေ့က နေပြည်တော် လယ်ဝေးမှာ ပြုလုပ်တဲ့ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံမှာ နအဖစစ်အုပ်စုခေါင်းဆောင်ဗိုလ်ချုပ်သန်းရွှေက အခုလိုပြောကြားသွားတာဖြစ်ပါတယ်။ နအဖစစ်အုပ်စုဟာ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးအရ အရေးယူပိတ်ပင်တားဆီးမှုကို ရင်ဆိုင်နေရဆဲဖြစ်ပြီး ဒီလိုပိတ်ဆို့အရေးယူမှုတွေကို ပြန်လည်ရုတ်သိမ်းပေးဖို့ အမြဲတောင်းဆိုနေခဲ့တာဖြစ်ပါတယ်။

တချိန်တည်းမှာပဲ ၂၀၁၀ နိုင်ငံရေးစနစ် ကူးပြောင်းရေးလုပ်ငန်းစဉ်အပါအဝင် ကျန်အဆင့်တွေကိုပါ စီမံထားပြီးဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနာဂတ်ဖွဲ့စည်းမှု သေချာရေရာ ခိုင်မြဲနေပြီလို့လည်းဆိုပါတယ်။ ၂၀၁၀ မှာ ပြုလုပ်မယ့်ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီတွေဟာ သူ့အခေါ် ရင့်ကျက်တဲ့စည်းရုံးမှုတွေကို ထိန်းထိန်းသိမ်းသိမ်း လုပ်ကြဖို့ကိုလည်း ပြောဆိုသွားပါတယ်။

ပြည်သူတွေ တခဲနက်အတည်ပြုထားပြီးပြီဆိုတဲ့ အခြေခံဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပပေးမှာဖြစ်ပေမယ့် ရင့်ကျက်တဲ့ ဒီမိုကရေစီမျိုးကို ချက်ချင်းရနိုင်သေးမှာမဟုတ်ဘူးလို့လည်း ပြောဆိုပါတယ်။ နိုင်ငံရဲ့ အကျိုးစီးပွားပျက်ပြားစေနိုင်တဲ့ ကိစ္စမှန်သမျှကို နိုင်ငံရေးပါတီတွေအနေနဲ့ရှောင်ရှားကြဖို့လည်း ဗိုလ်ချုပ်သန်းရွှေက မိန့်ခွန်းထဲမှာထည့်သွင်းပြောဆိုပါတယ်။

အခုလို ဗိုလ်ချုပ်သန်းရွှေ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံမှာ မိန့်ခွန်းပြောကြားတဲ့ တနေ့တည်းမှာပဲ နေအိမ်အကျယ်ချုပ် ချခံထားရတဲ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အနောက်တိုင်း သံတမန်တချို့နဲ့ ရှားရှားပါးပါးတွေ့ဆုံခွင့်ပေးခဲ့ပါတယ်။

# ရွေးကောက်ပွဲ မထူးဟု စီအာပီပီပြော

**DVB । အောက်တိုဘာ ၉ ။ ။** နအဖနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြား တွေ့ဆုံမှုဟာ စီးပွားရေးပိတ်ဆို့မှု ရုတ်သိမ်းရေးကိစ္စတခုတည်းသာကွက်ပြီး ဆွေးနွေးတာမျိုးမဟုတ်ဘဲ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအထိ ရောက်အောင် ဆွေးနွေးဖို့လိုနေတယ်လို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာပီပီ အတွင်းရေးမှူးဦးအေးသာအောင်က ဒီနေ့ တိုက်တွန်းလိုက်ပါတယ်။

သံတမန်တွေ ရောက်မလာမီ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးမှာကျင်းပတဲ့ စီအာပီပီအစည်းအဝေးအပြီး အခုလိုတိုက်တွန်းလိုက်တာပါ၊ ဒီလို တိုက်တွန်းရတာက စီးပွားရေးပိတ်ဆို့မှုအတွက် အခုလို သံတမန်တွေနဲ့တွေ့ပြီး တကယ့်နိုင်ငံရေးပြောင်းလဲဖို့အထိ သဘောထားမရှိဘူးဆိုရင် အကျိုးမရှိနိုင်ဘူးလို့မြင်ကြောင်း ဦးအေးသာအောင်က ပြောပါတယ်။

“နအဖရဲ့ နိုင်ငံရေးသဘောထား၊ အထူးသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဖို့သဘောထား လက္ခဏာဟာ အခုအခြေအနေအထိမမြင်ရသေးဘူး။ ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံကို မပြင်ဘဲ ရွေးကောက်ပွဲလုပ်မယ်ဆိုရင် သိပ်မထူးဘူး။”

အဓိက ၂၀၀၈ ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်ပြင်ဆင်ဖို့က အရေးအကြီးဆုံးအချက်ဖြစ်တယ် ဆိုတာကို အန်အယ်လ်ဒီ အပါအဝင် တိုင်းရင်းသားပါတီတွေနဲ့ စီအာပီပီကပါ ဒီနေ့မှာ တညီတညွတ်တည်း သဘောတူလိုက်တယ်လို့လည်း ပြောပါတယ်။ ဒီနေ့ အစည်းအဝေးဟာ ၂၀၀၉ အတွက် တတိယအကြိမ်အစည်းအဝေးဖြစ်ပြီး နောက်ထပ် အစည်းအဝေးတွေထပ်လုပ်ဖို့ရှိကြောင်း၊ ၂၀၁၀ ရွေးကောက်ပွဲအပေါ် စီအာပီပီရဲ့ နောက်ဆုံးသဘောထားကို မကြာခင်မှာ တရားဝင်ထုတ်ပြန်နိုင်ဖို့ ကြိုးစားသွားမယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။ ဒီသဘောထားဟာ လက်ရှိ ဖြစ်ပေါ်တိုးတက်နေတဲ့ စစ်အုပ်စုနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြား ဆွေးနွေးပွဲ ဘယ်လောက်အထိ ခရီးရောက်မရောက်ဆိုတာနဲ့ ဆက်စပ်နေတယ်လို့လည်း ဦးအေးသာအောင်က ပြောပါတယ်။

# နာရေးကူညီမှုအသင်းကို ပြောင်းတူးခိုင်း

**DVB । အောက်တိုဘာ ၁၀ ။ ။** မြောက်ဒဂုံမှာ အသစ်ဖွင့်လှစ်နေရတဲ့ နာရေးကူညီမှုအသင်းနဲ့ ဆေးခန်းမှာ ၅ ပေအကျယ်ရှိတဲ့ ရေမြောင်းတခုတူးဖို့ မြို့နယ် စည်ပင်သာယာရေးကော်မတီက ပြီးခဲ့အပတ်ထဲမှာ ညွှန်ကြားခဲ့ပြီး တူးဖော်ခြင်းမရှိပါက အဆောက်အအုံကို အသုံးပြုခွင့်မပေးပဲ တရားစွဲဆိုဖို့ရှိနေပါတယ်။

ဒီအကြောင်းကို နာရေးကူညီမှုအသင်း ဥက္ကဋ္ဌကိုကျော်သူက အခုလိုပြောပါတယ်။

“ဆေးခန်းနဲ့ နာရေးအသင်း မြေကွက်အရှေ့မှာ ၅ ပေအနက် ၅ပေ အကျယ် မြောင်းဖောက်ခိုင်းတယ်၊ မြောင်းဖောက်မှ အဆောက်အဦးကို အသုံးပြုခွင့်ပြုမယ်ဆိုပြီး မလုပ်ဘူး ဆိုရင် ပုဒ်မ ၂၈–၂၉ နဲ့ တရားစွဲမယ်လို့ပြောပါတယ်။”

အခြားမြေကွက်တွေမှာ ရေမြောင်းတူးဖော်ခြင်း မရှိသေးတာကြောင့် နာရေးအသင်း ဆေးခန်းရှေ့မှာ တူးထားရင် ရေလှောင်ကန်လိုဖြစ်သွားမှာဖြစ်ပြီး ခြင်ပေါက်ဖွားနိုင်တာကြောင့် ဆေးကုသမှုခံယူနေတဲ့ လူနာတွေအတွက် ကျန်းမာရေးကို ထိ ခိုက်နိုင်တယ်လို့ ပြောပါတယ်။

“ဒီတကွက်ထဲမှာ မြောင်းလာတူးနေလို့ ဘာမှမထူးဘူး၊ အခြားအကွက်တွေမှာ မတူးဘဲနဲ့ ကျနော်တို့တကွက်ထည်း လာတူးခိုင်းရင် ရေလှောင်ကန်ဖြစ်သွားပြီး ခြင်မွေးတဲ့ကန်ဖြစ်သွားမယ်။ ကျန်းမာရေးနဲ့ လုံးဝမကိုက်ညီဘူး၊ ဆေးကုသမှုခံယူနေတဲ့ လူနာတွေလည်း ရှိတယ်။”

လူနာ ၂ ရာကျော်လောက်ကို ဆေးကုသပေးနေရတာကြောင့် အဆောက်အဦးကို ဆက်လက်အသုံးပြုခွင့်ပေးဖို့ လာမယ့်တနင်္လာနေမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ဆီကို စာတင်ဖို့ရှိပါတယ်။ လတ်တလောမှာတော့ မြို့နယ်စည်ပင်က နာရေးကူညီမှုအသင်းကို ဒဏ်ငွေ ဒါမှမဟုတ် ထောင်ဒဏ်အထိ ချမှတ်နိုင်တဲ့ ပုဒ်မ ၂၈၊ ၂၉ နဲ့ တရားစွဲဆို ထားပါတယ်။

“ကျနော်တို့ ဒဏ်ကြေး၊ လျော်ကြေးတော့ မဆောင်နိုင်ဘူး၊ အလှူငွေတွေဖြစ်တဲ့အတွက် အများစုငွေတွေကို သုံးရမှာ အသုံးမခံဘူး၊ ဖမ်းရင်ဖမ်းဆိုပြီး ပြောလိုက်တယ်။”

နာရေးကူညီမှုအသင်းကို ၂၀၀၁ ခုနှစ်က စတင်ထူထောင်ခဲ့တာပြီး လက်ရှိအမှုရင်ဆိုင်နေရတဲ့ မြောက်ဒဂုံက နေရာသစ်ကိုတော့ လွန်ခဲ့တဲ့လအနည်းက အာဏာပိုင်တွေ နာရေးအသင်းကို မြောက်ဥက္ကလာမှာ ဖွင့်လှစ်ခွင့်မပေးတာကြောင့် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရတာဖြစ်ပါတယ်။

# ဒေါ်စုနဲ့ တွေ့ဆုံမှုများ AIPMC ကြိုဆို

**RFA । အောက်တိုဘာ ၉ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖစစ်အုပ်စုရဲ့ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်တို့အကြား တွေ့ဆုံမှုအပါအဝင် မြန်မာနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့အရေးယူထားတဲ့ အနောက်နိုင်ငံတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးမှုတွေအ AIPMC ပေါ် မြန်မာ့အရေးဆိုင်ရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့က ကြိုဆိုလိုက်ပါတယ်။

နအဖစစ်အုပ်စုက အခုလိုတွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ပေးလာရတာဟာ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့ထားမှုနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်က နအဖစစ်ခေါင်းဆောင် ဗိုလ်ချုပ်သန်းရွှေထံ စက်တင်ဘာ ၂၅ ရက်နေ့က ပေးပို့ခဲ့တဲ့ စာအပေါ် စစ်အုပ်စုက အပြုသဘောအစပျိုးတုန့်ပြန်တာဖြစ်နိုင်တယ်လို့ AIPMC ရဲ့ဒုဥက္ကဋ္ဌ မလေးရှားလွှတ်တော်ကိုယ်စားလှယ် Lim Kit Siang က RFA ကို ပြောဆိုပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုရေစီပြုပြင်ပြောင်းလဲရေး အမှန်တကယ်လိုလားတယ်ဆိုရင် စစ်အုပ်စုရဲ့ လုပ်ဆောင်ချက်တွေဟာ အခုထက်ပိုပြီး လက်ဆုပ်လက်ကိုင်ပြနိုင်မယ့် သိသာထင်ရှားတဲ့လုပ်ရပ်တွေဖြစ်ဖို့လိုကြောင်း Mr.Siang က ပြောပါတယ်။




# သတင်းပြက္ခဒိန်

**အောက်တိုဘာ ၃၊ SIEM REAP ။ ။** ရုရှား၏အသိပညာဖြင့် နျူကလီယားစွမ်းအားကြိုးပမ်းနေသော်လည်း နျူကလီယားလက်နက် ထုတ်လုပ်ရေးအတွက်မဟုတ်ဟု နအဖ နိုင်ငံခြားရေးဝန်ကြီးမှ ဂျပန်နိုင်ငံခြားရေးဝန်ကြီးသို့ ဆိုကြောင်း။

**အောက်တိုဘာ ၃၊ UPI ။ ။** ၂၀၁၀ ရွေးကောက်ပွဲသည် ၂၀၀၈ တွင် အတည်ပြုခဲ့သည့်ရွေးကောက်ပွဲကို အတည်ပြုလျှင် အဓိပ္ပါယ်မရှိဟု ဦးဝင်းတင်မှဆို၏။

**အောက်တိုဘာ ၃၊ AP ။ ။** နအဖ ဝန်ကြီးအောင်ကြည်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့၏။

**အောက်တိုဘာ ၃၊ SIEM REAP ။ ။** ၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်၍မျှတမည်ဟု ကမ္ဘောဒီးယားရောက် နအဖဝန်ကြီးဉာဏ်ဝင်းမှဆို၏။

**အောက်တိုဘာ ၄၊ Korea Times ။ ။** အမေရိကန်သည် နအဖနှင့် NLDအပြင် မြန်မာတိုင်းရင်းအဖွဲ့များနှင့်လည်းဆွေးနွေးရန်လိုကြောင်း Nehginpao Kipgen မှဆို ၏။

**အောက်တိုဘာ ၅၊ Mizzima ။ ။** ဖာပွန်အနီးရွာသား ၅၀၀ခန့် ထူးခြားအသွင်ရှိ သွေးလွန်တုတ်ကွေးရောဂါသစ်ဖြစ်နေကြောင်း ကျောပိုးအိပ်သယ်ကျန်းမာရေးအဖွဲ့မှဆို၏။

**အောက်တိုဘာ ၅၊ BERNE ။ ။** ဆွစ်ဇလန်သည် ကမ္ဘာမှ မြန်မာအပေါ်လက်နက်မှန်သမျှပိတ်ပင်ရန် အဆိုပြုချက်ကို ထောက်ခံကြောင်း ထုတ်ပြန်၏။

**အောက်တိုဘာ ၅၊ Mizzima ။ ။** လပြည့်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးဆုတောင်းသူ အမျိုးသမီး ၄ ဦး အဖမ်းခံရကြောင်း။

**အောက်တိုဘာ ၅၊ ND-Mizzima ။ ။** Voice စာစောင်သည် Burma Campaign-UK စသည့် ကမ္ဘာတလွှားရှိ မြန်မာ့ဒီမိုကရေစီလှုပ်ရှားအဖွဲ့များကို ဝေဖန်စာရေးခဲ့ကြောင်း။

**အောက်တိုဘာ ၅၊ DVB ။ ။** ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်တွင် မြန်မာဖက်မှရပ်ထားသည့် ခြံစည်းရိုးကာခြင်း ယနေ့ပြန်စ၍ နယ်စပ်တင်းမာမှုပြန်စနေကြောင်း။

**အောက်တိုဘာ ၆၊ DVB ။ ။** ကော့သောင်တွင်မိုးဆက်တိုက်ရွာကာ အောက်တိုဘာ ၃ တွင် ရေကြီးမြေပြို၍ သံဃာ ၃ ပါး၊ ကိုယ်ရင်တပါးအသက်ဆုံးရှုံးခဲ့ကြောင်း။

**အောက်တိုဘာ ၆၊ DVB ။ ။** ကျပ်ငါးထောင်တန်ငွေစက္ကူထုတ်စတွင် ရွှေဈေးတက်ခဲ့၏။ လူသုံးကုန်ပစ္စည်းဈေးပြောင်းလဲမှုမတွေ့ရကြောင်း။ ၁၉၉၈တွင် တထောင်တန်စသုံးခဲ့၏။

**အောက်တိုဘာ ၆၊ DVB ။ ။** နေပြည်တော်တွင်ကျင်းပခဲ့သည့် ရဲတပ်ဖွဲ့ ၆၅ နှစ်ပြည့်အခန်းအနားသို့ ရဲချုပ်ခင်ရီတက်ရောက်မှုမရှိဟုသိရ၏။

**အောက်တိုဘာ ၅၊ UPI ။ ။** နအဖ အလုပ်သမားဝန်ကြီးအောင်ကြည်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် နေ့တနာရီတွင် ၄၅ မိနစ်ကြာဆွေးနွေးခဲ့၏။

**အောက်တိုဘာ ၆၊ Irrawaddy ။ ။** အမေရိကန်သည် ၂၀၁၀ ရွေးကောက်ပွဲအား မစခင် ကြိုတင်ဝေဖန်ပြစ်တင်ခြင်းမပြုရန်၊ ရွေးကောက်ပွဲမျှတ၍လွတ်လပ်ရန် သာဆက်လက်တောင်းဆိုရန် တိုင်းရင်းသားများကောင်စီ ENC သည် အမေရိကန်အမတ် Jim Webb ထံတောင်းဆိုစာပို့လိုက်ကြောင်း။

**အောက်တိုဘာ ၆၊ Irrawaddy ။ ။** ရန်ကုန်တိုင်းရဲမှူး ရဲဗိုလ်မှူးကြီးဝင်းနိုင်သည် အနိုင်ခန်း၊ ဖိမ်မယ်ခန်းဖွင့်ခြင်းအတွက် ရာထူးမှဖြုတ်ခံရပြီး၊ လူပါပျောက်နေကြောင်း။

**အောက်တိုဘာ ၆၊ Irrawaddy ။ ။** ၂၀၁၀ ရွေးကောက်ပွဲ လွတ်လပ်၍ မျှတရန် သေချာအောင်လုပ်ဆောင်ပြင်ဆင်ရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီးသစ် Katsuya Okada မှ နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းသို့တောင်းဆို၏။

**အောက်တိုဘာ ၇၊ UPI ။ ။** AAPP မှ ဦးဘိုကြည်သည် အခြား ၃ ဦးနှင့်အတူ လူ့အခွင့်အရေးဆု ပူးတွဲ ရရှိ၏။ Human Rights Watch မှဆို၏။

**အာက်တိုဘာ ၇၊ ND-Mizzima ။ ။** မြန်မာအပေါ်ကမ္ဘာမှ လက်နက်ပိတ်ပင်ရန် အဆိုအားထောက်ခံမှု အဲန်အဲလ်ဒီဦးဝင်းတင်မှ ထောက်ခံကြိုဆို၏။

**အောက်တိုဘာ ၇၊ DVB ။ ။** တရားမဝင်စုဝေးခြင်းဖြင့် ထောင် ၈ နှစ်ကျနေသူ ငြိမ်းချမ်း(Generation Wave) အား အဲလက်ထရောနစ်ဥပဒေအရ ထောင် ၁၀ နှစ်ထပ်ချမှတ်ခဲ့ကြောင်း။

**အောက်တိုဘာ ၇၊ BP ။ ။** မြန်မာရွေးကောက်ပွဲနီးလာလျှင် တိုက်ပွဲများပိုများလာမည်ဖြစ်၍ ထိုင်းဖက်သို့ ခိုဝင်လာမည့်သူများလာမည်ဖြစ်ကြောင်း ထိုင်းထောက်လှမ်းရေးမှဆို၏။

**၂အောက်တိုဘာ ၇၊ PTI ။ ။** နှစ်နိုင်ငံနယ်စပ်တင်းမာနေရာ ဘင်္ဂလားဒေ့ရှ်သည် မြန်မာနယ်စပ်တွင် နယ်ခြားစောင့်တပ်အင်အားဖြည့်ထားကြောင်း။

**အောက်တိုဘာ ၇၊ XXX-XXX ။ ။** နိုင်ငံကူးလုပ်သားများ၏ခလေးများအား မွေးစာရင်းမှတ်ပုံတင်ရန် ထိုင်းတွင် အဆိုပြုမှုကို ကမ္ဘာ့ကြက်ခြေနီမှ ကြိုဆို၏။

**အောက်တိုဘာ ၈၊ Mizzima ။ ။** နအဖ သည် ရှမ်းပြည်တွင် သူပုန်တပ်များအား တိုက်ခိုက်ရန်ပြင်နေစဉ် စိမ်း၊ နီဝါအရောင်ရှိ ဓာတုပစ္စည်းပါ မော်တာကျည်များ သယ်ယူနေ၏

**အောက်တိုဘာ ၈၊ IANS ။ ။** ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာသုံးပွင့်ဆိုင်ကျွန်းပိုင်ဆိုင်မှုအငြင်းပွားမှုတွင် ကုလမှဖြေရှင်းပေးရန် ဘင်္ဂလားဒေ့ရှ်မှတရားဝင်တောင်းဆိုထား၏။

**အောက်တိုဘာ ၈၊ NY ။ ။** နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လူ့အခွင့်အရေးဖောက်ဖျက်မှုများရပ်တန့်စေရန်ပြုပြင်ရေးသားချင်းမပြုသ၍ နအဖ ၏ ၂၀၁၀ ရွေးကောက်ပွဲရလာဒ်ကို အားပေးခြင်းမှရှောင်ရန် အာဏာလွှဲပြောင်းကာလတွင်း တရားမျှတရေးနိုင်ငံတကာအဖွဲ့ Center for Transitional Justice မှ တိုက်တွန်းနှိုးဆော်၏။

**အောက်တိုဘာ ၈၊ LDN ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် ဆွေးနွေးပွဲတွင် ကျန်းမာသွက်လက်၍ နက်ရှိုင်းစွာဆွေးနွေးခဲ့ကြောင်း ဗြိတိသျှသံအမတ်မှဆို၏။

**အောက်တိုဘာ ၉၊ SHAN ။ ။** လက်ရှိ နအဖ သည် တရားဝင်အစိုးရမဟုတ်ကြောင်း ရှမ်းပြည်နယ် RCSS ဗိုလ်ချုပ်ရဲတ်ဆောက်မှ ဆို၏။

**အောက်တိုဘာ ၉၊ Chinland Guardian ။ ။** ကမ္ဘာ့နိုင်ငံများ၏ ကုန်သွယ်ပိတ်ပင်မှုများ၏ သက်ရောက်မှုများကို ယနေ့ အနောက်နိုင်ငံသံတမန်များနှင့် ဆွေးနွေးခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်မှ ပြန်လည်သုံးသပ်ရန် အသင့်ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ အရိပ်အမြွက်ပြကြောင်း။

**အောက်တိုဘာ ၉၊ DVB ။ ။** ၂၀၀၇ အတွင်း မြန်မာသို့ ကုလမှ (လေဘေး) ကူညီငွေများအနက် ၆၀ ရာနှုန်းသည် ကွပ်ထိန်းကြပ်မတ်မှုမရှိခဲ့ဟု ကုလ ဘတ်ဂျက်အဖွဲ့ငယ်မှဆို၏။

**အောက်တိုဘာ ၉၊ Irrawaddy ။ ။** တရားမဝင်မိဘများမှမွေးသည့် ခလေးများအား မှတ်ပုံတင်ရန် ထိုင်းအလုပ်သမားဝန်ကြီးဌာနသည် ဝန်ကြီးအဖွဲ့သို့ အဆိုတင်သွင်းမည်ဟုဆို၏

**အောက်တိုဘာ ၉၊ JKT Post ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ ကိုယ်စားလှယ်တွေ့ဆုံဆွေးနွေးမှုကို အင်ဒိုနီးရှားမှကြိုဆိုခဲ့ကြောင်း။

**အောက်တိုဘာ ၉၊ Asia Pacific News ။ ။** ဆွေးနွေးမှုတဆင့်တက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်သန်းရွှေဆွေးနွေးရေးကို အဲန်အဲလ်ဒီမှ မျှော်လင့်နေကြောင်း။

**စာမျက်နှာ ၁၀ သို့**

# ဗိုလ်သန်းရွှေအား ဗုဒ္ဓဘာသာအဖြစ်မှထုတ်ပယ် သာသနာ့ဖျက်အဖြစ်သတ်မှတ်

**NEJ | အောက်တိုဘာ ၅ ။** ။ မြန်မာနိုင်ငံတွင် တာဝန်အရှိဆုံးဦးသန်းရွှေ အား ဗုဒ္ဓဘာသာအဖြစ်မှထုတ်ပယ်ကာ သာသနာ့ဖျက်မိစ္ဆာဒိဋ္ဌိအဖြစ်သတ်မှတ် လိုက်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက အောက်တို ဘာ ၅ ရက် ယနေ့နေ့စွဲဖြင့် ကြေညာချက်တစောင်ထုတ်ပြန်လိုက်ပါတယ်။

ကြေညာချက်တွင် ယခုလ ၃ ရက်၊ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ တွင် ပြည်တွင်းပြည်ပသိမ်အသီးသီး၌ တတိယအကြိမ် ပတ္တနိက္ကုဇ္ဇနကမ္မဝါစာရွတ် ဆိုကာ အောင်မြင်စွာသပိတ်မှောက်နိုင်ခဲ့ကြောင်းလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂနှင့် သံဃာသာမဂ္ဂီအဖွဲ့တို့က တင်ပြထားပါတယ်။ အခုလို တတိယ အကြိမ် သပိတ်မှောက်ကံဆောင်နိုင်ခဲ့သော်လည်း သံဃာတော်များတောင်းဆို ထားတဲ့အချက်ကို နအဖ စစ်အုပ်စုမှာတာဝန်အရှိဆုံးဖြစ်တဲ့ ဦးသန်းရွှေကမလိုက် နာတဲ့အပြင် သံဃာတော်များအား ဆက်လက်ဖမ်းဆီး၊ ထောင်ချ၊ နှိပ်စက်၊ ညှဥ်း ပန်းသတ်ဖြတ်နေတဲ့အတွက် ဦးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်နဲ့မိသားတစုလုံးအား ဗုဒ္ဓ ဘာသာအဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း။

ဦးသန်းရွှေအား သာသနာကိုဖျက်ဆီးနေတဲ့ မိစ္ဆာဒိဋ္ဌိအဖြစ်သတ်မှတ်လိုက် ကြောင်း၊ ဦးသန်းရွှေသည်ဗုဒ္ဓဘာသာဝင်မှန်ပါက သံဃာတော်များတောင်းဆိုချက် ကို လိုက်နာရမှာဖြစ်ကြောင်း ကြေညာချက်မှာဖော်ပြထားပါတယ်။ သံဃာတော် များအပေါ် ကျူးလွန်မှုများနှင့်သာသနာအပေါ် စော်ကားမှုများကို တတိယအကြိမ် သပိတ်မှောက်ကံဆောင်မယ့် သီတင်းကျွတ်လပြည့်နေ့မတိုင်မီ အောက်တိုဘာ ၂ ရက်နောက်ဆုံးထား၍ ဝန်ချတောင်းပန်ရန် နအဖ စစ်အစိုးရအား မြန်မာနိုင်ငံ လုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက နှိုးဆော်ထားခဲ့ပါတယ်။

သံဃာတော်များအနေဖြင့် ၁၉၉၀ ခုနှစ်တွင် မန္တလေးမှာတကြိမ်၊ ၂၀၀၇ ခုနှစ် စက်တင်ဘာတွင် တနိုင်ငံလုံးအတိုင်းအတာနဲ့တကြိမ်၊ နှစ်ကြိမ်တိုင်တိုင် နအဖ စစ်အစိုးရအား ပတ္တနိက္ကုဇ္ဇနကမ္မဝါစာရွတ်ဆိုကာ သပိတ်မှောက်ကံဆောင် ပြီး သတိပေးခဲ့သော်လည်း စစ်အစိုးရအာဏာပိုင်များက လိုက်နာတောင်းပန်ခြင်း မရှိတဲ့အပြင် သံဃာတော်များနှင့်သာသနာတော်ကို ဆက်လက်စော်ကားနေတဲ့အ တွက် အခုလို တတိယအကြိမ်သပိတ်မှောက်ကံဆောင်ရခြင်းဖြစ်တယ်လို့ မြန်မာ နိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့မှ နိုင်ငံခြားရေးတာဝန်ခံ အရှင်ဣန္ဒသရိက က မိန့်ကြားပါတယ်။

အရှင်ဣန္ဒသရိက က "ပြည်ပနဲ့ပြည်တွင်း ပြည်နယ်အသီးသီးမှာ အခက်အ ခဲတွေကြားထဲကဘဲ သံဃာတော်တွေညီညွတ်စွာနဲ့ ပတ္တနိက္ကုဇ္ဇနကမ္မဝါစာရွတ်ဆို ပြီးတော့ သပိတ်ကိုအောင်မြင်စွာမှောက်လိုက်ခြင်းက တချက်ပေါ့လေ။ နောက်တ ချက်က တကယ့်တာဝန်အရှိဆုံးဖြစ်တဲ့ဦးသန်းရွှေဟာ တကယ်ဗုဒ္ဓဘာသာဝင် ကောင်းတဦးဆိုရင် သာသနာဘောင်က ရဟန်းသံဃာတော်တွေအားလုံးကို ပြန် လွှတ်ရမယ်။ တောင်းပန်ရမယ်။

အဲလိုပြန်မလွှတ်ဘဲ သူကသံဃာတော်တွေကို ဆက်လက်ဖမ်းဆီးနှိပ်စက် နေတယ်၊ ထောင်ချနေတဲ့အတွက်ကြောင့် တာဝန်အရှိဆုံးဖြစ်တဲ့ဦးသန်းရွှေကို ဗုဒ္ဓ ဘာသာရဲ့လုပ်ရပ်တွေနဲ့ မညီတဲ့အတွက်ကြောင့် သူ့ကိုဗုဒ္ဓဘာသာဝင်အဖြစ် ဦး ဇင်းတို့သာသနာတစုလုံးက လုံးဝလက်မခံဘူး။ ထုတ်ပယ်ပြစ်မယ်။ ပြီးတော့ ဦးဇင်း တို့ရဲ့သာသနာတော်ကို သံဃာတော်တွေကို သတ်ဖြတ်ညှဉ်းဆဲနေတဲ့အတွက် ကြောင့် သူဟာဗုဒ္ဓဘာသာရဲ့လမ်းစဉ်မဟုတ်တဲ့အပြင် သာသနာကိုဖျက်နေတဲ့ မိ စ္ဆာဒိဋ္ဌိလမ်းစဉ်ဖြစ်နေတယ်။ ဒါကြောင့်မို့ ဦးဇင်းတို့က သူ့ရဲ့အယူမှစွန့်မခြင်း သူ့ ကိုမိစ္ဆာဒိဋ္ဌိအဖြစ်သတ်မှတ်ပြီး သာသနာ့ဘောင်ကနေ ဗုဒ္ဓဘာသာဝင်အဖြစ်ကနေ စွန့်ပယ်ထုတ်ပြစ်တာပါ။" လို့ ကြေညာချက်နဲ့ပတ်သက်ပြီး ရှင်းလင်းမိန့်ဆိုပါတယ်။

တတိယအကြိမ် သပိတ်မှောက်ကံဆောင်မှုကို ပြည်တွင်းရှိမြို့နယ်များမှ သိမ်များတွင် သံဃာတော်များက မပြစ် ဖြစ်သည့်နည်းဖြင့် ကမ္မဝါစာများရွတ်ဆို ကာ သပိတ်မှောက်ခဲ့ကြကြောင်း၊ အချို့သံဃာတော်များမှာ ပဝါရဏာပြုရင်းနှင့် လျှို့ဝှက်စွာဖြင့် ပတ္တနိက္ကုဇ္ဇနကမ္မဝါစာကိုရွတ်ဆိုခဲ့ကြကြောင်း အရှင်ဣန္ဒသရိက က မိန့်ပါတယ်။

"နအဖ စစ်အစိုးရကလည်း ရွတ်ဆိုခွင့်မရအောင်ဆိုပြီးတော့ နေရာအနှံ့ အပြားမှာ လိုက်ရှာတဲ့ကြားထဲကနေပြီး သံဃာတော်တွေကအောင်မြင်အောင် သ ပိတ်မှောက်လိုက်ကြတယ်။ အခုဒီကမ္မဝါစာရဲ့အဓိပ္ပါယ်က သိမ်တသိမ်ထဲမှာ တောင် ရွတ်ဆိုလိုက်ရင်အောင်မြင်သွားတယ်။ အခုဟာက တကယ့်သိမ်တွေအ များကြီးမှာ သံဃာတော်တွေညီညွတ်စွာနဲ့ ကမ္မဝါစာတွေရွတ်ဆိုပြီးတော့ သပိတ် မှောက်လိုက်ကြတဲ့အတွက်ကြောင့် ယခုတတိယအကြိမ်ရဲ့သပိတ်က တကယ့်ကိုကြီး မားတဲ့အောင်မြင်မှုလို့ ပြောလို့ရပါတယ်။ တနိုင်ငံလုံးအတိုင်းအတာနဲ့လို့ ပြောလို့ ရပါတယ်။ ရခိုင်၊ အထက်ဗမာပြည်၊ အလယ်ပိုင်း၊ မန္တလေး၊ ပဲခူးအစရှိသဖြင့် နေရာ အနှံ့အပြား ရန်ကုန်အထိဆိုတော့ တတိုင်းပြည်လုံးကို ခြုံမိငုံမိသွားပါတယ်။" လို့ မိန့်ပါတယ်။ စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံတွင် သံဃာတော်များငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေခွင့်မရအောင်လုပ်ဆောင်နေပြီး သာသနာ ကိုဖျက် ဆီးနေတဲ့အတွက် ဒီလုပ်ရပ်ကိုထိရောက်စွာအရေးယူပေးပါရန် တပ်မ တော်သားများကို တိုက်တွန်းထားပြီး ဝိနည်းကံကိုလေးစားလိုက်နာခြင်းမရှိတဲ့ သံဃာတော်များကို ပစ္စည်းလေးပါးလှူဒါန်းခြင်းမပြုကြရန် ပြည်သူများအား မေတ္တာ ရပ်ခံထားပါတယ်။

# နာဂစ်အတွက် ဒေါ်လာ ၁၀ သန်းလှူမည်

**DVB | အောက်တိုဘာ ၈ ။** ။ ဧရာဝတီတိုင်းရှိ နာဂစ်လေဘေးဒုက္ခသည်တွေအ တွက် ဒေါ်လာ ၁၀ သန်းလှူဒါန်းမယ်လို့ အမေရိကန်အစိုးရက ကြေညာပါတယ်။

အမေရိကန်အစိုးရဟာ အခုအချိန်အထိ ဒေါ်လာ ၇၅ သန်း ကူညီပေး ထားခဲ့ပြီး ဒီ ၁၀ သန်းဟာ အသစ်တိုးလာတာဖြစ်တယ်လို့ သံတမန်သတင်း ရပ်ကွက်ကို ကိုးကားပြီး ဆင်ဟွာသတင်းက ဖော်ပြထားပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ကလည်း ဆန်တန်ချိန် ၁ သောင်း ၆ ထောင် လှူဒါန်းခဲ့ပါတယ်။ အဲဒီလှူမှုဟာ နာဂစ်မုန်တိုင်း တနှစ်နဲ့ ၄ လပြည့်မှာ ထုတ်ပြန်တဲ့ နာဂစ်ကယ်ဆယ်ရေး သုံးပွင့် ဆိုင်အဖွဲ့ရဲ့ အစီရင်ခံစာမှာ ဒေါ်လာ ၁၀၃ သန်း အရေးပေါ် လိုအပ်နေတယ်ဆိုတဲ့ ကြေညာချက်နဲ့လည်း အချိန်ကိုက်ဖြစ်နေပါတယ်။

၂၀၀၈ မေမှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းကြောင့် လူပေါင်း တသိန်းခွဲနီး ပါး သေပျောက်ခဲ့ရပြီး ဧရာဝတီတိုင်း၊ ရန်ကုန်၊ ပဲခူး၊ မွန်နဲ့ ကရင်ပြည်နယ်တွေမှာ လယ်ယာနဲ့ အခြေခံအဆောက်အအုံတွေ အများအပြားပျက်စီးခဲ့တယ်လို့ ဆင် ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

### ပြက္ခဒိန်မှ

**အောက်တိုဘာ ၉ | BKK-Nation** အာဘော် ။ ။ ချာလာလွန်ကွန်းတက္ကသိုလ်တွင် ထိုင်းမြန်မာဆက်ဆံရေးဆွေးနွေးရာ အမေရိကန်၏ မြန်မာအပေါ်ကျင့်သုံးမှု မူ ပြောင်းမှုကြောင့် အာဆီယံနှင့်ကုလသမဂ္ဂပါ မူပြောင်းသင့်မသင့်ဆွေးနွေးခဲ့၏။ အမေရိကန်သည် ဆွေးနွေးရေးမူသုံးခြင်းကောင်းသော်လည်း၊ ဒိုးယိုပေါက်မဖြစ် စေသင့်၊ ဆုပေးဒဏ်ပေးဆိုလျှင် အမေရိကန်သည် အတိအကျတောင်းဆိုရမည်၊ ဥပမာ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ရေး၊ ရွေးကောက်ပွဲ မျှတ၊ လွတ်လပ် ရေး။

**အောက်တိုဘာ ၉ | Peoples' Daily** ။ ။ အမေရိကန်သည် မြန်မာသို့ နှစ်မုန်တိုင်း အတွက် အစိုးရမဟုတ်သည့်အဖွဲ့များမှတဆင့် ဒေါ်လာဆယ်သန်းထပ်မံပေးမည်။

**ဘာက်တိုဘာ ၁၀ | Weekly Standard** ။ ။ မြန်မာအပေါ် ဆုချည်းပေး၍ ဒဏ်မခတ် သည့် အိုဘာမားမူသည် စောက်မနက်ပဲ၊ အကျိုးမဲ့နိုင်ကြောင်း Benidict Rogers နှင့် Joseph Loconte တို့ မှဆို၏။ Benidict Rogers သည် Christian Solidarity Worldwide မှ ဖြစ်ပြီး ၂၀၁၀ တွင်ထုတ်မည့် ရက်စက်ကြမ်းကျုတ်သည့် မြန်မာအဓိပတိ သန်းရွှေအားမျက်နှာဖုံးချွတ်ခြင်း အထုပ္ပတိကို ပြုစုနေသည့် စာရေးဆရာဖြစ်၏။



## ဒုက္ခသည်တွေကိုပြန်မပို့ပါဘူး

ချူလာလောင်ကွန်းတက္ကသိုလ်မှာ ကျင်းပတဲ့ ထိုင်း–မြန်မာဆက်ဆံရေး ဆွေးနွေးပွဲတခုမှာ ထိုင်းလုံခြုံရေးဆိုင်ရာအရာရှိတဦးက စစ်အုပ်စုနဲ့ UWSA ဝ တပ်ဖွဲ့တွေအကြား တိုက်ပွဲတွေဖြစ်လာတဲ့အခါ ထိုင်းနိုင်ငံဘက်ကို ဒုက္ခသည် ၂ သိန်းကျော် ပြေးဝင်လာဖို့ရာရှိတယ်လို့ ခန့်မှန်းထားပြီး အဲဒီလူတွေကို အတင်းအကျပ်ပြန်ပို့မှာမဟုတ်ပါဘူးလို့ပြောဆိုသွားပါတယ်။ ဒီအတောအတွင်းမှာ နယ်စပ်ဘက်ကသိရတဲ့သတင်းတပုဒ်မှာ အလုပ်များနေသေးလို့ ဝ တွေကို နအဖက လောလောဆယ်မှာ မတိုက်သေးပါဘူးလို့ဆို ထားပါတယ်။ **(IRRAWADDY, VOB, 7. 10.2009)**

## လူငယ့်ပညာရေးပတ်ဝန်းကျင်

နအဖရဲ့လူမှုဖူလုံရေးဒုဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ကြပ်ပြေးနေပြည်တော်မှာကျင်းပတဲ့ အာဆီယံလူငယ်များနေ့ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံဟာ ကျေးလက်မှာရော မြို့ပြဒေသတွေမှာ လူငယ်တွေပညာရေးကို တူညီစွာလေ့လာသင်ယူနိုင်ဖို့ ပတ်ဝန်းကျင်ကောင်းတွေကို ဖန်တီးပေးနေပြီး၊ ထူးချွန်တဲ့ သူတွေကို မြေတောင်မြှောက်နေပါတယ်လို့ပြောပါတယ်။ အဲဒီဆွေးနွေးပွဲကို အာဆီယံနိုင်ငံတွေကကိုယ်စားလှယ်တွေ တက်ရောက်ကြပါတယ်။ **(XINHUAA, 6.10.2009)**

## အီးအဲန်စီ ရပ်တည်ချက်

ပြည်ပရောက်တိုင်းရင်းသားလူမျိုးစုကောင်စီဥက္ကဌက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်မချင်းကတော့ စစ်အစိုးရရဲ့၂၀၁၀ ရွေးကောက်ပွဲကို ထောက်ခံအတည်ပြုနိုင်မှာမဟုတ်ဘူးလို့ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ အီးအဲန်စီဟာ နအဖနဲ့ဆက်ဆံရေးကိုလုပ်ဆောင်နေတဲ့ ပြစ်ဒဏ်ခတ်မှုရပ်သိမ်းရေးလှုံ့ဆော်နေတဲ့ အမေရိကန်အမတ် ဂျင်မ်ဝက်ဘ်ထံ သဘောထားရပ်တည်ချက်ကို ဖော်ပြတဲ့ စာတစောင်ပေးပို့ခဲ့ပါတယ်။ **(MIZZIMA, 6.10.209)**

## လက်နက်ရောင်းချမှုပိတ်ပင်ရေး

ဆွစ်ဇာလန်နိုင်ငံဟာ မြန်မာစစ်အစိုးရအပေါ် လက်နက်ရောင်းချမှုပိတ်ပင်ရေးထောက်ခံတယ်ဆိုတဲ့အကြောင်းနဲ့ ကမ္ဘာ့နိုင်ငံတွေလည်း စစ်အစိုးရထံကို လက်နက်တွေပေးပို့နေတာရပ်တန့်ဖို့ တောင်းဆိုလိုက်ပါတယ်။ လက်နက်ရောင်းချမှုပိတ်ပင်တာဟာ ပြည်သူတွေကို ထိခိုက်မှုလုံးဝမရှိဘူး၊ စစ်အစိုးရကို အကောင်းဆုံးနည်းနဲ့ အပြစ်ပေးတာဖြစ်တယ်လို့ အဲန်အဲလ်ဒီဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ဆိုပါတယ်။ ကုလလုံခြုံရေးကောင်စီမှာ တရုတ်နဲ့ ရုရှားတို့ကန့်ကွက်နိုင်ပေမဲ့ တကမ္ဘာလုံးလှုပ်ရှားမှုကို ကျယ်ကျယ် ပြန့်ပြန့်လုပ်နိုင်ရင်ထိရောက်မှုရှိနိုင်ပါတယ်။ **(MIZZIMA, VOB, 7.10.2009)**

## စက်မှုဇုံလုံခြုံရေးတိုးမြှင့်

စက်တင်ဘာ ၁၆ ရက်နဲ့ ၁၇ ရက်တွေမှာ လှိုင်သာယာမြို့၊ ရွှေပေါက်ကံ၊ မင်္ဂလာဒုံတို့မှာ အသေအပျောက်မရှိ အပျက်အစီးအနည်းငယ်ရှိတဲ့ ဗုံးပေါက်ကွဲမှုတွေ ဖြစ်ခဲ့ပြီးတဲ့နောက် နအဖအာဏာပိုင်တွေက လုံခြုံရေးကို တိုးမြှင့်လုပ်ဆောင်နေတယ်လို့သိရပါတယ်။ စက်မှုဇုံရှိတဲ့အရပ်တွေမှာ လုံခြုံရေးအရေအတွက် မြှင့်တင်တာတို့၊ လှည့်လည်စစ်ဆေးတာတွေ တိုးမြှင့်ပြုလုပ်တာတို့၊ ရဲတပ်ဖွဲ့နဲ့ လုံခြုံရေးတပ်ဖွဲ့တွေကိုပူးပေါင်းဖို့ တိုက်တွန်းတာတွေလုပ်နေပါတယ်။ **(XINHUA, 7.10.2009)**

## ရွေးကောက်ပွဲကိစ္စ မွန်တွေကွဲပြီ

မွန်ပြည်သစ်ပါတီရဲ့လက်နက်ကိုင်တပ်ဖွဲ့ဖြစ်တဲ့ မွန်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ MNLA က တပ်ဖွဲ့ဝင် ၅၀ လောက်ဟာ ပါတီကနေ ခွဲထွက်သွားပါတယ်၊ အကြောင်းကတော့ ၂၀၁၀ ရွေးကောက်ပွဲကိုဝင်မယ့် ပါတီခေါင်းဆောင်တချို့နဲ့သဘောထားကွဲတဲ့အတွက်ဖြစ်ပါတယ်၊ ပါတီဗဟိုကော်မတီ ဝင် ၅ ဦးဟာ ရွေးကောက်ပွဲမဝင်ဘူးဆိုတဲ့သဘောထားနဲ့ ကော်မတီကနေ နုတ်ထွက်သွားပါတယ်။ **(IRRAWADDY, 7.10.2009)**

## နာဂစ်ပြန်လည်ထူထောင်ရေးအကူ

အမေရိကန်ဟာ နာဂစ်ပြန်လည်ထူထောင်ရေးအတွက် နောက်ထပ်ဒေါ်လာ ၁၀ သန်းထပ်လှူမယ်လို့ သိရပါတယ်။ နိုင်ငံတကာအဲန်ဂျီအိုကနေတဆင့် အဲဒီ အကူအညီတွေကို ပေးမှာဖြစ်ပါတယ်။ နာဂစ်ဒုက္ခသည်တွေအတွက် နောက်ထပ်လိုတဲ့ ဒေါ်လာ ၁၀၃ သန်းကို နာဂစ်သုံးပွင့်ဆိုင်အဖွဲ့က ဆက်လက်ရှာဖွေနေတယ်လို့ သိရပါတယ်။ **(PEOPLE's DAILY, 8.10.2009)**

## ရွေးကောက်ပွဲမတိုင်မီ အကျဉ်းသားလွှတ်

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ခတ်ဆုယ အိုကာဒါ က ကမ္ဘောဒီးယားမှာ နအဖနိုင်ငံ ခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနဲ့တွေ့တုန်းက ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီမှာ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့တိုက်တွန်းပြောဆိုလိုက်တယ် လို့ သိရပါတယ်။ **(JAPAN TODAY, 3.10.2009)**

## ဇာတိမြေပြန်ခြင်း

မလေးရှားနိုင်ငံမှာ နေထိုင်ပြီးအလုပ်လုပ်နေကြတဲ့ မြန်မာပြည်သားတွေထဲက တချို့ဟာ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရပြီးတဲ့နောက် နှစ်နိုင်ငံပူးပေါင်းစီစဉ်မှုအရ မြန်မာပြည်ကို ပြန်လာကြတယ်လို့ သိရပါတယ်။ အလုပ်သမားအေဂျင်စီတွေက စီစဉ်စေလွှတ်လိုက်သူတွေထဲက ၁၈၈ ဦး ပြန်လာကြတာဖြစ်တယ်လို့ သိရပါတယ်။ **(XINHUA, 7.10.2009)**

## ငွေဖောင်းပွလာမှာစိုးရိမ်

နအဖက ကျပ် ၅၀၀၀ တန်ငွေစက္ကူသစ်ကို ထုတ်ဝေလိုက်တဲ့အတွက် ပြည်တွင်းမှာ ငွေကြေးဖောင်းပွမှုတွေ တိုးတက်မြင့်မားလာမှာကို ကျွမ်းကျင်သူတွေက စိုးရိမ်နေကြပါတယ်။ ဒါကြောင့် ကုန်သည်တွေကို ငွေကြေးဖောင်းပွမှုတွေဖြစ်မလာစေဖို့ သတိနဲ့ကုန်သွယ်မှုတွေပြုကြဖို့ တိုက်တွန်းနေပါတယ်။ **(COMMONDITY ONLINE, 7.10.2009)**

# ဆိုင်ကယ်လုယက်မှု ပိုများလာပြီး အသက်အန္တရာယ်ပါ စိုးရိမ်ရ

**DVB। အောက်တိုဘာ ၇ ။** ။ မန္တလေးတိုင်းနဲ့ မွန်ပြည်နယ်မှာ ဆိုင်ကယ်လုယက်မှုတွေ တနေ့တခြားပိုများလာပြီး အသက်အန္တရာယ် ထိခိုက်မှုပါ ရှိနေတယ်လို့ မြို့ခံတွေက ပြောပါတယ်။

မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ဆိုင်ကယ်လုယက်မှုကြောင့် တလအတွင်း ဆိုင်ကယ်တက္ကစီသမား ၂ ဦးသေဆုံးခဲ့တယ်လို့ မြို့ခံတချို့က ပြောပါတယ်။ သီတင်းကျွတ်လပြည့်နေ့က ဆိုင်ကယ်လုယက်မှု ဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်တက္ကစီသမားတဦး သေဆုံးတဲ့ အကြောင်းကို မြို့ခံတဦးက ပြောပါတယ်။

"နေ့လည်ကြောင်တောင်ကြီး ဆိုင်ကယ်တက္ကစီဂိတ်ကနေ ငှားသွားပြီး နောက်နေ့ကျမှ မျက်နှာမှာ ဒဏ်ရာတွေနဲ့ သေနေတာ တွေ့တာ။ ဆိုင်ကယ်က အခု ပြန်မရဘူး။ ပြီးခဲ့တဲ့လ ဖြစ်တာလည်း ပြန်မရဘူး။ အခုအထိ ဘာသတင်းမှ လည်းမရဘူး။ ဆိုင်ကယ်တက္ကစီသမားတွေ အခက်အခဲဖြစ်တာပေါ့။ ဒီအမှုတွေက ခဏခဏဖြစ်နေတာ မပေါ်ဘူး။ ပြီးခဲ့တဲ့လပိုင်းကနေ စဖြစ်နေတာ ဒီတလထဲမှာ ၂ လောင်းရှိပြီ။"

မန္တလေးတိုင်း မေမြို့မှာလည်း ဆိုင်ကယ်လုယက်မှုတွေ အရင်ကထက် ပိုများလာပြီး အသက်အန္တရာယ် ထိခိုက်နိုင်တဲ့ အခြေအနေတွေဖြစ်နေတယ်လို့ မြို့ခံတွေက ပြောပါတယ်။ မကြာခင်ရက်ပိုင်းက ကိုယ်တိုင် ဆိုင်ကယ်အလုခံရသူ မေမြို့ခံတဦးက အိမ်အပြန် ည ၁၀ နာရီခွဲလောက်မှာ မှောက်သွားတဲ့အထိ အရိုက်ခံရကြောင်းနဲ့ ဆိုင်ကယ်လုတတ်တဲ့ အဖြစ်အပျက်တွေကို ပြောပါတယ်။

"ကျနော်ဖြစ်ပြီး ရက် ၂၀ အကြာမှာ နောက်တယောက် ဆိုင်ကယ်ပါသွားတယ်၊ လွန်ခဲ့တဲ့တလကျော်က ပွေးတောင်အတက်မှာ တယောက်ရိုက်လုခံရတာ မသေဘူး ဆေးရုံတင်ရတယ်။ ဆိုင်ကယ်ပါသွားတယ်။ လွန်ခဲ့တဲ့ ၁၀ ရက်လောက်က ကန်တော်လေးဘက်မှာ တယောက်အလုခံရတယ်။ ပြေးလမ်းများပြီး လူပြတ်တဲ့နေရာမျိုးမှာ အလုခံရပြီး ဆိုင်ကယ်ကယ်ရီသမားတွေကို လုတာ မိန်းကလေးတွေများတယ်လို့ ဆိုပါတယ်။ မိန်းကလေးက ဆိုင်ကယ် ကယ်ရီသမားကို ငှားပြီး လူပြတ်တဲ့နေရာရောက်ရင် အပေါ့သွားချင်လို့၊ ဦးထုပ်ပြုတ်ကျလို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကယ်ရီသမားကို ရပ်ခိုင်းပြီး ခြုံထဲကထွက်လာတဲ့ ဓားထောက်ခြိမ်းခြောက်ကာ ဆိုင်ကယ်ကို လုယူသွားတာလို့ အဲဒီမြို့ခံက ပြောပါတယ်။

"အခုက ပေါ်တင် ရိုက်လုတဲ့သဘောမျိုးဖြစ်နေတယ်။ မြို့ခံတွေတော့ မဖြစ်နိုင်ဘူး၊ အဝေးကဟာတွေနေမှာ။"

ဆိုင်ကယ် လုယက်မှုတွေအပြင် ပြင်ဦးလွင်မှာ သင်တန်းလာတက်တဲ့ သင်တန်းသားတွေကလည်း ဆိုင်ကယ်တွေကို ငှားပြီး ပြန်မပေးဘဲ ရောင်းစား၊ ပေါင်စားလုပ်နေတဲ့အတွက် ဆိုင်ကယ်ပိုင်ရှင်တွေ အခက်ကြုံနေရတယ်လို့ဆိုပါတယ်။ ဒီအကြောင်းကို နောက်ထပ် မြို့ခံတဦးက တပ်မတော်နည်းပညာတက္ကသိုလ် လာတက်နေတဲ့ အရာရှိငယ်တွေက ၁ ရက်ကို ဆိုင်ကယ်ငှားခ ၁ သောင်း၊ ၁ သောင်းခွဲပေးငှားပြီး ရောင်းပစ်၊ ပေါင်ပစ်တာကြောင့် တချို့ပိုင်ရှင်တွေဆိုဆိုင်ကယ် အဆုံးခံလိုက်ရတာမျိုးတွေ မကြာခဏဖြစ်ကြောင်း၊ ဖြစ်ချင်းဖြစ်ရင် အရပ်သားဘက်က နာတာကြောင့် ဆိုင်ကယ်ကယ်ရီသမားတွေတောင် တပ်ထဲဆို သိပ်မငှားချင်ကြတော့ဘူးလို့ ပြောပါတယ်။

မန္တလေးမြို့မှာလည်း ဆိုင်ကယ်တွေမကြာခဏဆိုသလို အခိုးခံနေရတယ်လို့ မြို့ခံတွေက ပြောပါတယ်။ ဒီရက်ပိုင်းအတွင်း မန္တလေးမြို့ အမှတ် ၁၁ ရဲစခန်းမှာ အခိုးခံထားရတဲ့ ဆိုင်ကယ်အစီး ၁၀၀ ကို ဖမ်းဆီးရမိထားပြီး ဆိုင်ကယ်ပျောက်သူတွေဆီ အကြောင်းကြားထားတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

# ကေအိုင်အိုနဲ့ မပခ ထပ်မံဆွေးနွေး

**DVB। အောက်တိုဘာ ၆ ။** ။ ကချင်ပြည်နယ်လွတ်လပ်ရေးအဖွဲ့ ကေအိုင်အိုကို နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲမှုကိစ္စနဲ့ ပတ်သက်လို့ လွန်ခဲ့တဲ့လ ၂၉ ရက်နေ့ တွေ့ဆုံမှုဟာ ကေအိုင်အိုနဲ့ နအဖအကြား ရှစ်ကြိမ်မြောက်ဖြစ်ပါတယ်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့က မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရုံးမှာ မပခ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ ကေအိုင်အို ဒုဥက္ကဋ္ဌ ဂေါ်ရီဇော်ဆိုင်း ဦးဆောင်တဲ့အဖွဲ့ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံပွဲမှာ ကေအိုင်အို ဒုစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်လည်း တက်ရောက်သလို ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးဌာနတွေနဲ့ ဒေသဖွံ့ဖြိုးရေးတာဝန်ခံတွေလည်းတက်ရောက်ခဲ့ပါတယ်။ ဒီတွေ့ဆုံပွဲမှာ နယ်ခြားစောင့်တပ် အသွင်ကူးပြောင်းရေးနဲ့ ဆက်စပ်တဲ့ အသေးစိတ်အချက်အလက်တွေကို မေးမြန်းခဲ့တယ်လို့ ကိုယ်တိုင်ဆွေးနွေးခဲ့သူ ကေအိုင်အို အထွေထွေအတွင်းရေးမှူး ဒေါက်တာ လားဂျာက ပြောပါတယ်။

ဒီဆွေးနွေးပွဲမှာ အဓိကအားဖြင့် နှစ်ချက်ဆွေးနွေးခဲ့ကြောင်းကို ခုလိုပြောပါတယ်။

"နယ်ခြားစောင့်တပ်ရဲ့ ဖွဲ့စည်းပုံအုပ်ချုပ်ပုံ ကွတ်ကဲမှုအချက်အလက်တွေ မသိလို့ မေးယူတဲ့ အပိုင်းလောက်ပဲရှိပါတယ်။ တပ်ပိုင်းကတော့ နယ်ခြားစောင့်တပ်ကိစ္စအချက်အလက်တွေ မေးကြပါတယ်။ ကေအိုင်အိုတဖွဲ့လုံး အသွင်ကူးပြောင်းမှုကိစ္စအပြင် ဘယ်လိုစဉ်းစား ဆွေးနွေးကြမလဲဆိုတဲ့ အချက်အလက်တွေကို စုဆောင်းခဲ့ပါတယ်။"

စစ်အုပ်စုက ဒီနှစ်ဧပြီလကစလို့ အပစ်ရပ်အဖွဲ့တွေကို နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာထားရှိဖို့ ကမ်းလှမ်းခဲ့ပါတယ်။ အပစ်အရပ်အဖွဲ့တွေထဲက အင်အားနည်းပါးတဲ့ အဖွဲ့တချို့က လက်ခံကြပေမယ့် အင်အားအတန်အတင့်ရှိကြတဲ့ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ၊ မွန်ပြည်သစ်ပါတီနဲ့ ကချင်လွတ်လပ်ရေးအဖွဲ့တွေက ချက်ခြင်းလက်ငင်းကြီး နယ်ခြားစောင့်တပ် အသွင်ပြောင်းလဲရေးကို လက်မခံဘူးလို့ တုံ့ပြန်ခဲ့ကြပါတယ်။ ကေအိုင်အိုအနေနဲ့က နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းရေးကို မူအားဖြင့် လက်ခံသလို လက်နက်ကိုင်တိုက်ပွဲတွေမဖြစ်အောင် ရှောင်ရှားမယ်လို့ ဒေါက်တာ လားဂျာက ပြောဆိုသွားပါတယ်။

"ကျနော်တို့ အပြိုင်အဆိုင်ဆွေးနွေးရမယ့် ကိစ္စတွေ အများကြီးရှိပါတယ်။ ငြိမ်းချမ်းမှုအစဉ်တည်မြဲဖို့ လိုလားတယ်၊ စစ်လက်နက်နဲ့ ဖြေရှင်းတဲ့ကိစ္စမျိုး မဖြစ်အောင်ကြိုးစားရမယ်။"

ဘယ်လိုပဲဖြစ်ဖြစ် နအဖဘက်က နယ်ခြားစောင့်တပ်အသွင်ကူး ပြောင်းရေးကို မလျော့တမ်း တောင်းဆိုနေသလို ကေအိုင်အိုကလည်း နယ်ခြားစောင့်တပ်ထက် ကချင်ဒေသစောင့်တပ်အဖြစ်ပြောင်းလဲရေးနဲ့ အုပ်ချုပ်ရေးတွေမှာ ကေအိုင်အိုက ထဲထဲဝင်ဝင် ပါဝင်ခွင့်ရရေး တန်ပြန်တောင်းဆိုထားပါတယ်။

# နိုင်ငံရေးအကျဉ်းသားစာရင်း ထုတ်ပြန်

**DVB। အောက်တိုဘာ ၆ ။** ။ ဒီနေ့ထွက်ရှိတဲ့ နိုင်ငံရေးအကျဉ်းသားများ ကူညီရေးအသင်း အေအေပီပီ အစီရင်ခံစာထဲမှာ စက်တင်ဘာလအတွင်း ဖမ်းဆီးခံရသူ ၃၉ ဦးရှိပြီး ထောင်ချခံရသူ အနည်းဆုံး ၃ ဦးရှိတယ်လို့ ဖော်ပြထားပါတယ်။

ဒါဟာ အထက်မှာဖော်ပြခဲ့တဲ့ ထောင်ချ ဖမ်းဆီး အမှုတွဲနဲ့ တနေ့က အဖမ်းခံရသူ အင်္ဂါဆုတောင်းအဖွဲ့မှ နော်အုန်းလှတို့ ၄ ဦး စာရင်း မပါသေးဘူးလို့ သိရပါတယ်။ ပြီးခဲ့တဲ့လအတွင်း အကျဉ်းသား ၇၀၀၀ ကျော်ကို လွှတ်ပေးပြီး နိုင်ငံရေးအကျဉ်းသားက ၁၃၁ ဦးပါဝင်ပါတယ်။ ဒါပေမယ့် တလအတွင်း ပြန်ဖမ်းတာက ၄၀ ခန့် အထိရှိနေတဲ့ အတွက် စိုးရိမ်ဖွယ်ဖြစ်တယ်လို့ အေအေပီပီ က ပြောပါတယ်။

ဒါကြောင့် နိုင်ငံရေးအကျဉ်းသားဦးရေဟာ အရင် ၂၂၀၀ ကျော် ရှိနေရာကနေ အခု ၂၁၀၀ကျော်ရှိနေပြီး အဲဒီထဲမှာ သံဃာတော်က ၂၄၄ ပါး၊ လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး၊ အန်အယ်လ်ဒီပါတီဝင် ၄၃၆ ဦး၊ ကျောင်းသား ၂၇၀ ဦး၊ တိုင်းရင်းသား ၂၀၄ ဦး၊ မီဒီယာသမား ၄၆ ဦး ပါဝင်တယ်လို့ အေအေပီပီက စာရင်းဇယားအတိအကျနဲ့ ထုတ်ပြန် ဖော်ပြထားပါတယ်။

# ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ရောက်နိုင်ရန် စစ်မှုထမ်းဟောင်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**DVB ၊ အောက်တိုဘာ ၈ ။ ။** မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေကို လည်း ၂၀၁၀ ရွေးကောက်ပွဲမှာ ပါတီတစ်ရပ်အနေနဲ့ ရွေးကောက်ပွဲဝင်နိုင်စေဖို့ ပြည်သူလူ ထုတွင်း စည်းရုံးလှုပ်ရှားဖို့ ညွှန်ကြားထားပါတယ်။

ပြင်ဆင်ဖွဲ့စည်းတဲ့နေရာမှာ အရင်က အသက်ခြောက်ဆယ်ကျော်အရွယ် တွေကို အဖွဲ့အတွင်းရေးမှူး ဥက္ကဌတို့ လိုရာထူးမျိုးတွေ ပေးခဲ့ရာ အသက်လေး ဆယ်ကျော် ကိုယ်လက်အင်္ဂါချို့ယွင်းသွားသူတွေနဲ့ ကျန်းမာရေးအရ တပ်ထဲက နှုတ်ထွက်ထားတဲ့ ဗိုလ်မှူး၊ ဒုဗိုလ်မှူးကြီးနဲ့ ဗိုလ်မှူးကြီးစတဲ့ အရာရှိတွေနဲ့ပြင်ဆင် ဖွဲ့စည်းနေပါတယ်၊ စစ်မှုထမ်းဟောင်းတွေနဲ့ နီးစပ်သူတဦးက အခုလိုပြောပါတယ်။

"မြို့နယ်စစ်မှုထမ်းဟောင်းတွေမှာ နဂိုရှိတဲ့ လူကြီးပိုင်းတွေက လူလတ် ပိုင်းတွေနဲ့ ချိန်းပစ်တယ် ဗိုလ်မှူးကြီးအဆင့်တွေပေ့ါ။ ဒီဖက်ခေတ်မှာ တခုခု အ ကြောင်းပြပြီး ကျန်းမာရေးနဲ့ထွက်ထားတဲ့သူတွေကို ပြန်ပြီးခေါ်တယ်၊ ဘာလုပ် ခိုင်းလဲဆိုတော့ ရန်ကင်းမြို့နယ်အတွက် အမတ်တနေရာ အမတ်လုပ်ဖို့အတွက် ပြောပါတယ်။ အမတ်လုပ်ဖို့အတွက်ကို ကြိုပြီး ပြင်ဆင်လေ့လာထားဖို့ စစ်မှုထမ်း ဟောင်းကနေပြီးတော့ မဖြစ်မနေ မြို့နယ်အမတ်တွေလုပ်ခိုင်းဖို့အတွက် အစီအစဉ် လုပ်ထားတာ ဖြစ်ပါတယ်။"

လတ်တလောမှာတော့ အရာရှိမဟုတ်တဲ့ စစ်မှုထမ်းဟောင်းတွေ ရင် ဆိုင်ကြုံတွေ့နေရတဲ့ ဘဝအခက်အခဲတွေကိုတော့ စစ်တပ်အသိုင်းအဝိုင်းနဲ့ နီးစပ် သူ တဦးက အခုလို ပြောပါတယ်။

"ဘာနဲ့ရပ်တည်ကြသလဲဆိုရင် အသင်းဝင်ကြေးတွေ ရှိတယ်၊ လိုင်းကား တွေကို အစုအဖွဲ့အစည်းနဲ့ ထောင်တယ်၊ စည်ပင်သာယာနဲ့ပတ်သက်တဲ့ လုပ် ငန်းတွေမှာ လုပ်ကြတာတွေရှိတယ်၊ ဒါကြောင့် လစဉ်ကြေး သူတို့မှာ ရှိတယ်။ ဒါပေမယ့် ပင်စင်သမားမှမဟုတ်ဘူး လက်ငင်းသမားလည်း အဆင်မပြေဘူး၊ အရင်တုန်းက ပေးစကေးနဲ့ဆိုရင် ၄၀၀၊ ၆၀၀ လောက် ရတဲ့သူရှိတယ်၊ ဒီနှစ်ထဲမှာ ယူတဲ့သူတွေက နဂိုလစာအတိုင်း ၂ သောင်း ရပေမယ့်လို့ ဆန်ကြမ်းတအိပ်စာ နီးနီးလောက်ပဲ ခံနိုင်ရည်ရှိပါတယ်။"

အရာရှိအဆင့် စစ်မထမ်းဟောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ဦးပိုင်ကုမ္ပဏီလို စီးပွားရေးလုပ်ငန်းကြီးတွေက အခြားအရာရှိမဟုတ်တဲ့ စစ်မှုထမ်းဟောင်းတွေကို စီးပွားရေးလုပ်ကိုင်ခွင့်ပေးတာ ရန်ပုံငွေ လှူဒါန်းတာမျိုးတွေရှိတယ်လို့လည်း ပြော ပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့ ရွေးကောက်ပွဲဝင်ခဲ့ရင် ပြည်သူတွေ သူတို့အ ပေါ် ယုံကြည်မှုရှိလာနိုင် မရှိနိုင်ဆိုတာကတော့ သူ့အမြင်ကို အခုလိုဆက်ပြော ပါတယ်။

"ဘယ်ပါတီ၊ ဘယ်သူဘယ်ဝါ ဆိုတာ ပြည်သူလူထုက သိပါတယ်။ အဲဒီ ပွဲကြမှ သူတို့အဖြေပေးကြမှာပါ။ အရင်တုန်းက မင်္ဂလာဒုံမြို့နယ်မှာ ဗိုလ်ချုပ်မှူး ကြီးစောမောင် လက်ထက်က အသံလွှင့်မီဒီယာကနေ ဗိုလ်ချုပ်ကြီး ဘယ်ဖက် ထည့်မှာလဲဆိုတာကို အင်တာဗျူးတော့ ကျနော့် သဘောဆန္ဒပါတဲ့၊ အမှန်တ ကယ် မဲထွက်လာတော့ အကုန်ခမောက်တွေ ပဲထည့်ပစ်လို့ ရှက်ဖာတွေလုပ် ပစ်ခဲ့ပါတယ်။ တကယ့် စစ်သားတွေပါ၊ ပင်စင်စားတွေ မဟုတ်သေးဘူး။"

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံရဲ့ ဒုတိယနေ့မှာ နအဖအကြီး အကဲ ဗိုလ်ချုပ်သန်းရွှေကိုယ်တိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါတယ်။ အဲ့ဒီလို ပြောကြားခဲ့ရာမှာလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတ ရပ်လုံးက တခဲနက် ထောက်ခံအတည်ပြုခဲ့တာကြောင့် ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာဖို့လိုအပ်သလို ပါတီစည်းရုံးရေး ဆောင်ရွက်ရာမှာလည်း နိုင်ငံအကျိုးစီးပွား ထိခိုက်ပျက်ပြား စေမယ့် အပြုအမူတွေကို ရှောင်ရှားရမယ်လို့ ထည့်သွင်းပြောဆိုထားပါတယ်။ ဒီအချက်ကို ကြည့်ချင်းအားဖြင့် တိုင်းရင်းသားအဖွဲ့အစည်းတွေအပါအဝင် ဒီမိုက ရေစီအင်အားစုတွေက တောင်းဆိုနေကြတဲ့ အခြေခံဥပဒေပြန်လည်ပြင်ဆင်ရေးကို လက်မခံနိုင်ကြောင်း ပြသလိုက်တာဖြစ်ပါတယ်။

# ဒဂုံအဖွဲ့ချုပ် သက်ကြီးပူဇော်ပွဲကျင်းပ

**DVB ၊ အောက်တိုဘာ ၁၀ ။ ။** ရန်ကုန်တိုင်း တောင်ဒဂုံမြို့သစ်မြို့နယ်မှာ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ စုပေါင်းပြီး သက်ကြီးပူဇော်ပွဲ ကျင်းပတယ်လို့ သိရပါတယ်။

သက်ကြီးပူဇော်ပွဲ ကျင်းပခဲ့တဲ့ အစီအစဉ်ကို တောင်ဒဂုံမြို့သစ်မြို့နယ် အ ဖွဲ့ချုပ်ဝင် ဒေါ်ခင်အေးက အခုလိုရှင်းပြပါတယ်။

"သက်ကြီးပူဇော်ပွဲကို မနက် ၆ နာရီမှာ သံဃာတော် ၅ ပါးကို ဆွမ်းကပ် တယ်။ လူငယ်တွေစုပြီးတော့ မြို့နယ်ထဲမှာရှိတဲ့ အသက် ၇၀ ကျော် အမျိုးသမီး၊ အမျိုးသားတွေကို ကန်တော့ပါတယ်။ ရောဝတီတိုင်း၊ မကွေးတိုင်း အပါအဝင် တခြားမြို့နယ်တွေက ကိုယ်စားပြုတွေ တော်တော်များများလာကြပါတယ်။ အား လုံးအနှောင့်အယှက်မရှိဘဲ အေးအေးချမ်းချမ်းနဲ့ ပြီးသွားပါတယ်။"

အကန်တော့ခံတဲ့ အဘိုးအဘွားတွေမှာ နိုင်ငံရေးအသိုင်းအဝိုင်းက အဘိုး အဘွားတွေပါသလို နိုင်ငံရေးမလုပ်တဲ့ အဘိုးအဘွား တွေလည်းပါတယ်၊ လူ ၂၀၀ လောက်တက်ရောက်ခဲ့ပါတယ်၊ သက်ကြီးပူဇော်ပွဲမှာ သံဃာတော်တွေက မေတ္တာ သုတ်ရွတ်ဖတ်ပြီး တက်ရောက်လာသူ အားလုံးကလည်း စုပေါင်းပြီး မေတ္တာပို့ခဲ့ ကြတယ်လို့ ဒေါ်ခင်အေးက အခုလို ပြောပါတယ်။

"သံဃာတော်တွေက မေတ္တာသုတ်ရွတ်ပေးတယ်။ ကျမတို့ အားလုံး စုပေါင်းပြီးတော့ မေတ္တာသုတ်ရွတ်ကြပြီး ပြုတဲ့ ကုသိုလ်ကောင်းမှုကိုလည်း မြန်မာ နိုင်ငံ တနိုင်ငံအတွက်တင်မက တကမ္ဘာလုံးကို မေတ္တာပို့ပါတယ်။"

အရင်က တောင်ဒဂုံအဖွဲ့ချုပ်ဝင်တွေ နိုင်ငံရေးနဲ့ဆိုင်တဲ့ လွတ်လပ်ရေးပွဲ၊ အမျိုးသားနေ့အခမ်းအနား၊ ပြည်ထောင်စုနေ့အခမ်းအနား စတာတွေကို ကျင်းပ ခဲ့ကြပေမယ့် သက်ကြီးပူဇော်ပွဲကိုတော့ ပထမဆုံးအကြိမ်ကျင်းပတာဖြစ်ပါတယ်။

# ကိုရွှေဂျိုး သွေးတိုးရောဂါ ခံစားနေရ

**DVB ၊ အောက်တိုဘာ ၁၀ ။ ။** ရန်ကုန်တိုင်း သတင်းတပ်ဖွဲ့က နိုင်ငံရေးအကျဉ်း သားမိသားစုများကို ငွေကြေးအကူအညီပေးလို့ဆိုပြီး ဖမ်းဆီးခံရတဲ့ ကိုရွှေဂျိုး အင်းစိန်ထောင်ထဲမှာ သွေးတိုးရောဂါနဲ့ ကျောက်ကပ်ရောဂါ ခံစားနေရတယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

ကိုရွှေဂျိုးကို အဖွဲ့ချုပ်က ကိုစိန်လှိုင်နဲ့အတူ အခုနှစ် မတ်လမှာ အဖမ်း ခံခဲ့ရပြီး ပြီးခဲ့တဲ့လကမှ ထောင်တွင်း အထူးတရားရုံးက ပုဒ်မ ၁၇–၁ နဲ့ ရုံးတင် စစ်ဆေးနေတာဖြစ်ပါတယ်။ သူ့ရဲ့အမှုအတွက် ရှေ့နေနဲ့တိုင်ပင်ဆွေးနွေးခွင့်လည်း မရဘူးလို့လည်းကြားသိရပါတယ်။

"ကိုရွှေဂျိုးက အမှုရင်ဆိုင်နေဆဲ ကာလဖြစ်တယ်၊ စစ်ကြောရေးမှာလည်း ပြင်းပြင်းထန်ထန် အနှိပ်စက်ခံရတာလည်းရှိတယ်။ သွေးတိုးနဲ့ ကျောက်ကပ်က လည်း သိပ်မကောင်းဘူးပေ့ါ။ တော်တော်လေးခံစားနေရတယ်လို့ကျနော်တို့ကြား သိရတယ်။ ပိုဆိုးတာက သူ့ကို ထောင်ဆရာဝန်က သေချာကုသမပေးတာရယ်၊ လိုအပ်တဲ့ ဆေးဝါးတွေဝယ်ဖို့အတွက် မိသားစုကို ခွင့်မပြုတာက အတော်ကို ဆိုးဝါးတဲ့အချက်ပဲ၊ တကယ်လို့ သူတို့က ကုသမပေးဘူးဆိုတောင်၊ မိသားစုက ဝယ်ပြီးပို့တဲ့ ဆေးဝါးကို သူတို့လက်ခံသင့်တယ်၊ ပြီးတော့ ဒီဆေးဝါးတွေ ပုံမှန် သောက်ခွင့်တို့ လိုအပ်လို့ရှိရင် အထူးကုနဲ့ပြသခွင့်တို့ သေချာလုပ်ပေးသင့်တယ်။ ဒီလိုမလုပ်ပေးဘဲနဲ့ ဆေးဝါးလည်း ကုသမပေးဘူး၊ အပြင်ကနေမိသားစုကိုလည်း ကုသခွင့် ထောက်ပံ့ခွင့် မပေးဘူးဆိုတာက ကိုရွှေဂျိုးကို တမင်သက်သက် သတ် နေတာလားလို့ ထင်ရလောက် အောင်ဖြစ်နေပါတယ်။"

ထောင်တွင်းဆေးဝါးကုသမှုညံ့ဖျင်းမှုနဲ့ ကိုရွှေဂျိုးအမြဲသောက်နေတဲ့ ဆေးဝါးများကိုလည်း ထောင်က ခွင့်မပြုဘူး၊ ဆေးစာလည်း ထောင်ဆရာဝန်က မရေးပေးဘူးလို့ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက် ရေးအသင်းရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူးဦးဘိုကြည်က ကိုရွှေဂျိုးရဲ့ကျန်း မာရေးအခြေအနေနဲ့ ပတ်သက်ပြီး ပြောသွားတာပါတယ်။

# မလေးရှားက မြန်မာအလုပ်သမား ၂၀၀ ခန့် မြန်မာနိုင်ငံ ပြန်ပို့ခံရ

**DVB । အောက်တိုဘာ ၇ ။** ။ မလေးရှားနိုင်ငံကို သွားရောက်အလုပ်လုပ်ကြတဲ့ မြန်မာနိုင်ငံက အလုပ်သမား ၂၀၀ ဦးခန့် ပြန်ပို့ခံရတယ်လို့ ဒီနေ့ ရန်ကုန်ကလာတဲ့ ဆင်ဟွာသတင်းက ပြောပါတယ်။

အဲဒီအထဲမှာ အမျိုးသမီးတွေလည်းပါဝင်ပြီး မလေးရှားနဲ့ မြန်မာ ၂ ဖက်အစိုးရရဲ့ အစီအစဉ်အရ ပြန်ပို့တာလို့ အလုပ်သမားရှာဖွေရေး အေဂျင်စီတွေရဲ့ပြောကြားချက်ကို ကိုးကားပြီး ဆင်ဟွာသတင်းဌာနက ဖော်ပြထားတာပါ။ အလုပ်အကိုင် အခက်အခဲကြောင့် နောက်ထပ်မြန်မာအလုပ်သမား ၃ ထောင်လောက်ကို အိမ်ပြန်ပို့ဖို့ စီစဉ်နေတယ်လို့လည်း သတင်းထဲမှာ ဆိုထားပါတယ်။ ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာလည်း မလေးရှားမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတဲ့ မြန်မာအလုပ်သမား ၅၀ ကို ပထမအသုတ်အဖြစ် ဒီလ ၄ ရက်နေ့က လေကြောင်းလိုင်းနဲ့ ပြန်ပို့လိုက်ပြီး တာဝန်ရှိ ဌာနဆိုင်ရာတွေက လေဆိပ်မှာ ကြိုဆိုခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီလို ပြန်လာရသူတွေဟာ ဒီနေ့အထိ စုစုပေါင်း ၅ ရာနီးပါး ရှိသွားပြီဖြစ်ပြီး အများစုက တနင်္သာရီကမ်းရိုးတန်း ဒေသကဖြစ်ကြောင်း၊ သူတို့ဟာ ရေလမ်း၊ ကုန်းလမ်းတွေကနေ တရားမဝင်သွားရောက်သူတွေ ဖြစ်ကြောင်းနဲ့ အနည်းစုဟာ မြန်မာပြည်အလယ်ပိုင်းနဲ့ ရန်ကုန်ကလူတွေဖြစ်ပြီး လေကြောင်းနဲ့တရားဝင်သွားရောက်အလုပ်ပေးမယ့် အလုပ်ရှင် အကူးအပြောင်းတွေကြောင့် နိုင်ငံကူးလက်မှတ်နဲ့ စာရွက်စာတမ်းမရှိပဲ တရားမဝင်ဖြစ်သွားရတာလို့ မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။ မြန်မာအလုပ်သမားတွေကို ပြန်ပို့နေတဲ့ ၂ နိုင်ငံအစိုးရရဲ့ အစီအစဉ်နဲ့ပတ်သက်ပြီး မလေးရှားမှာရှိတဲ့ မြန်မာဒုက္ခသည်ရုံး Burma Refugee Organization ဘီအာအို ဥက္ကဋ္ဌဦးမောင်လှက နယ်စပ်လူမှောင်ခိုကူးမှုကို ကာကွယ်နိုင်ဖို့အတွက်လို့ ပြောပါတယ်။

"ပါမစ်နဲ့ လာအလုပ်လုပ်ပြီး သူဌေးတွေက လုပ်အားခတွေမပေးတာ၊ လုပ်အားခ သိပ်နည်းတာ၊ ရန်ကုန်မှာ သဘောတူထားတဲ့ လခမရလို့ မလုပ်နိုင်လို့ ပြေးတဲ့လူတွေ အဖမ်းခံရလို့ ထောင်ကျပြီး ထောင်က လွတ်ရက်စေ့သွားပေမယ့် မလေးရှား လဝက က လူကုန်ကူးတဲ့အဖွဲ့တွေနဲ့ပေါင်းပြီး နယ်စပ်မှာ လူမှောင်ခိုလုပ်တယ်။ ဒီက အဖမ်းအဆီးရှိနေတော့ နယ်စပ်ကို ပို့မရတော့ ဒီအထဲမှာပဲ ချုပ်ထားတာ တချို့ဆို ၂ နှစ်တောင် ကြာနေပြီ။ အဲဒီလူတွေကို ၂ နိုင်ငံ သဘောတူညီမှုနဲ့ ပြန်ပို့တယ်ဆိုပြီးတော့ ပြန်ပို့တာ။ တယောက်ကို ၅၅၀ ကနေ ၁,၈၀၀ အထိ ပေးရတယ်။"

အိမ်ပြန်နိုင်ဖို့ မလေးမှာ ငွေပေးရတဲ့အပြင် မင်္ဂလာဒုံလေဆိပ်ရောက်တော့လည်း နယ်မြို့ကို ပြန်မယ့်သူတွေဟာ မှတ်ပုံတင်မရှိလို့ဆိုပြီး အာဏာပိုင်တွေက ငွေညှစ်တယ်လို့ ကိုယ်တိုင်မြင်တွေ့ခဲ့ရတဲ့ ပဲခူးမြို့သားတဦးက ပြောပါတယ်။ လွန်ခဲ့တဲ့ ၂ ပတ်ကျော်လောက်က မလေးရှားကပြန်လာသူ ၂ ယောက် မှတ်ပုံတင်ပါမလာကြောင်း၊ သူတို့မှတ်ပုံတင် ရန်ကုန်မှာရှိနေတဲ့အတွက် သွားထုတ်ပေးဖို့ အကူအညီ တောင်းတဲ့အတွက် အကူအညီပေးဖို့ လေဆိပ်ကို ကိုယ်တိုင်သွားရောက်ရင်း တွေ့ရတဲ့ အတွေ့အကြုံကို အဲဒီ ပဲခူးမြို့သားက ပြောပါတယ်။

"သူတို့ကို မနက် ၁၀ နာရီခွဲ လောက်ကစပြီးတော့ ရုံးမှာ ခေါ်ထားတာ။ ညနေ ၄ နာရီလောက်ကျတော့ တယောက် ၂ သောင်းပေး၊ မင်းတို့သွားလို့ရပြီဆိုတော့ အဲဒါနဲ့ တယောက် ၂ သောင်း ပေးလိုက်တယ်တဲ့။ ၂ သောင်းပေးလိုက်ရတာ ကျနော့်မျက်မြင်ပဲ။"

မြန်မာနိုင်ငံမှာ စီးပွားရေးအကျပ်အတည်းကြောင့် ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ ဂျပန်၊ ကာတာ၊ ဒူဘိုင်း စတဲ့နိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်ပြီး မှတရားမဝင်ဖြစ်ပြီး ဒုက္ခရောက်ရတာဟာ စီးပွားရှာတဲ့ ပွဲစားတွေကြောင့် ဖြစ်ကြောင်းဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတွေအနေနဲ့ ပြည်ပနိုင်ငံက အလုပ်ရှင်တွေဆီက သေချာတဲ့ အလုပ်ကမ်းလှမ်းလွှာတွေရယူပြီးမှ သေချာခိုင်မာတဲ့ အလုပ်ရှင်၊ အလုပ်သမား၊ အလုပ်ခန့်ထားမှု သဘောတူညီချက်ဆိုင်ရာ သဘောတူစာချုပ်တွေ ချုပ်ဆိုပြီးမှ စေလွှတ်သင့်တယ်လို့ အလုပ်သမားရှာဖွေ ရေးအေဂျင်စီတခုမှ ပြောခွင့်ရက ပြောပါတယ်။

# အီးအန်စီနှင့် အင်ဒီအက်ဖ် အကြား အငြင်းပွားမှုများဖြစ်ပေါ်

**DVB । အောက်တိုဘာ ၆ ။** ။ ၂၀၁၀ ရွေးကောက်ပွဲ ဝင်သင့်၊ မသင့်နဲ့ ပတ်သက်ပြီး တိုင်းရင်းသားအဖွဲ့တွေအကြား အငြင်းပွားမှုဖြစ်ပွားနေကြောင်းသိရပါတယ်။ အီးအန်စီ ခေါ် တိုင်းရင်းသားလူမျိုးများကောင်စီနဲ့ အင်ဒီအက်ဖ် ခေါ် အမျိုးသားဒီမိုကရက်တစ်တပ်ဦးတို့အကြား အငြင်းပွားမှုဖြစ်နေပါတယ်။

မြန်မာနိုင်ငံကို သွားရောက်ခဲ့ပြီး စီးပွားရေးပိတ်ဆို့မှုကို ဆန့်ကျင်တဲ့ အမေရိကန်လွှတ်တော်အမတ် ဂျမ်ဝက်ဘ်ဆီ စက်တင်ဘာ ၂၈ ရက်နေ့ နေ့စွဲနဲ့အီးအန်စီက စာတစောင်ပေးပို့ရကာနေ ဒီ အငြင်းပွားမှု စတင်ခဲ့တာပါ။ အဲဒီစာရဲ့ဆိုလိုရင်းဟာ ရွေးကောက်ပွဲကို ဝင်ဖို့ပြောတာမဟုတ်ဘဲ တရားမျှတတဲ့ ရွေးကောက်ဖြစ်ဖို့ တိုက်တွန်းခြင်းဖြစ်တယ်လို့ အီးအန်စီက ပြောပေမယ့် အင်ဒီအက်ဖ် ဥက္ကဋ္ဌဖြစ်သူ ကေအန်ယူ ဒုဥက္ကဋ္ဌလည်းဖြစ်တဲ့ စောဒေးဗစ်တာကပေါက ဒါဟာ အတွေးအခေါ်အရ လွဲမှားနေတာကြောင့် သူတို့ဖက်က ကန့်ကွက်စာထုတ်ရတာလို့ ပြောပါတယ်။

"ရွေးကောက်ပွဲကိုဝင်မယ့် လူတွေဆိုရင် ကူညီသင့်တယ်၊ ရွေးကောက်ပွဲကိုစောင့်ကြည့်အုံး၊ မရှုတ်ချနဲ့ပေါ့။ အဲဒီသဘော ဆိုလိုရင်းက အီးယူဆိုပါတော့ အီးအင်စီရဲ့ စင်တာရဲ့သဘောထားကိုလိုက်ပြီး သူတို့ပြောတဲ့သဘောပဲ။ ကေအန်ယူနဲ့ အင်ဒီအက်ဖ် ကတော့ ဒီဟာက မမှန်ဘူး။ ရွေးကောက်ပွဲကို ဟုတ်သည်ရှိ၊ မဟုတ်သည်ရှိ ဝင်မယ်ဆိုတဲ့ သဘောမျိုးဖြစ်နေတယ်။ အတွေးအခေါ်တွေ ရှုပ်ကုန်တဲ့အတွက် ကျနော်တို့က ပြန်ရှင်းဖို့ပေါ့။ ကျနော်တို့က ၁ အချက် ရွေးကောက်ပွဲဆိုတာက ဒီအခြေခံဥပဒေကို မပြင်ဘူး၊ ၂ အချက် နိုင်ငံရေးအကျဉ်းသမားတွေမလွှတ်ဘူး၊ ၃ အချက် မီဒီယာ လွတ်လပ်ခွင့်မရှိဘူး၊ ၄ အချက် လွတ်လပ်စွာစည်းရုံးပိုင်ခွင့်မရှိဘူး။ အဲဒါတွေမရှိရင် ကျနော်တို့ဆက်လက်ပြီး အပြောင်းအလဲ အတွက် တိုက်ပွဲဝင်သွားမယ်။"

အီးအန်စီ ပေးစာကို သဘောမတူကြောင်း ကြေညာချက်တွေထုတ် ပြန်ခဲ့တဲ့ အင်ဒီအက်ဖ်နဲ့ ကေအန်ယူမှ ဥက္ကဋ္ဌ ပဒိုဒေးဗစ်တာကပေါ ဖြစ်ပါတယ်။ ဒါပေမယ့် အီးအန်စီ အဖွဲ့ရဲ့ ဂျမ်ဝက်ဘ်ဆီ ပေးစာကို ပြန်လည်ဆန်းစစ်ကြည့်တဲ့အခါမှာ လက်မှတ်ရေးထိုးထားတဲ့ အထွေထွေ အတွင်းရေးမှူးနေရာမှာ ကေအန်ယူ နိုင်ငံခြားရေးဌာန တာဝန်ခံ စောဒေးဗစ်ထော ဆိုတာကို တွေ့ရတဲ့အတွက် ကေအန်ယူအရာရှိ ၂ ဦးအကြား အမြင်မတူတဲ့ သဘောမျိုးဖြစ်နေပါတယ်။ ဒါကြောင့် ဒီစာနဲ့ပတ်သက်ပြီး အီးအန်စီအဖွဲ့ရဲ့ အကြံပေးအရာရှိ ဘရာဆဲ အခြေစိုက် အီးယူမြန်မာရုံးညွှန်ကြားရေးမှူး ဦးဟန်ညောင်ရွှေက သဘောထားကွဲတာ မဟုတ်ဘဲ စာကို အဓိပ္ပာယ်ဖော်ရာမှာ နားလည်မှုလွဲခြင်းသာ ဖြစ်ဖို့များတယ်လို့တုံ့ပြန်ချက်ပေးခဲ့ပါတယ်။

"ဖတ်ကြည့်ပါ လက်ခံတာ မဟုတ်ဘူး။ အီးအန်စီ ပေါ်လစီက ရွေးကောက်ပွဲကို ဘယ်လိုမှ မထောက်ခံနိုင်ဘူး။ ဒါပေမယ့် ဂျမ်ဝက်ဘ်စာကို သူတို့က အင်္ဂလိပ်လိုဖတ်ပြီးမှ ဒီအဓိပ္ပာယ်ကောက်တာ လွဲနေတယ်လို့ကျနော်မြင်တယ်။ ဘာကြောင့်လည်းဆိုရင် အီးအန်စီ ရှင်းတာက ရွေးကောက်ပွဲနဲ့ အခြေခံဥပဒေကို လုံးဝမလက်ခံဘူး။ ဒါပေမယ့် အီးအန်စီ ကိုယ်စား နေတဲ့အဖွဲ့က ပြည်တွင်းမှာရှိတဲ့ အဖွဲ့တွေရှိပါတယ်။ ပစ်ခတ်ရပ်စဲတို့၊ မပစ်ခတ်ရပ်စဲတို့၊ လူမှုရေးအစည်းအဝေးတွေရှိနေတယ်။ အဲဒါကြောင့်မို့လို့ အီးအန်စီက ယူအက်စ်အနေနဲ့ ဒီရွေးကောက်ပွဲကို တတ်နိုင်သမျှ အဲဒီပုဂ္ဂိုလ်တွေကို၊ ပြည်တွင်းက မရှိတဲ့လူတွေကို ကူပေးပါတကယ်ပဲ စစ်မှန်တဲ့ရွေးကောက်ပွဲဖြစ်အောင်လုပ်ပေးပါလို့ပြောတာ၊ အီးအန်စီအနေနဲ့ လက်ခံတာ မဟုတ်ပါဘူး။"

အီးအန်စီနဲ့ အင်ဒီအက်ဖ်မှာပါတဲ့ တိုင်းရင်းသားခေါင်းဆောင် အများစုဟာ ၂ ဖွဲ့စလုံးမှာ ထပ်ပြီးပါနေတဲ့ အတွက် ဒီလိုအငြင်းပွားမှုမျိုးမဖြစ်အောင် အချင်းချင်း ဒီထက်မက ဆွေးနွေးတိုင်ပင်သင့်တယ်လို့ အကဲခတ်တချို့က ထောက်ပြခဲ့ပါတယ်။

# နယ်စပ်ခြံစည်းရိုးကာမှုကြောင့် နှစ်နိုင်ငံအခြေအနေတင်းမာ

**DVB ၊ အောက်တိုဘာ ၇ ။** ။ ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်မှာ နအဖဘက်က နယ်စပ်ခြံစည်းရိုးကာနေတဲ့အတွက် ၂ ဖက် အခြေအနေတွေ တင်းမာနေပါတယ်။ ပြီးခဲ့တဲ့နှစ်ကတည်းက ပြဿနာဖြစ်နေတဲ့ ဒီခြံစည်းရိုးကာမှုကို မိုးရာသီမှာ ရပ်နားထားရာကနေ အခု နွေဦးရာသီမှာ မြန်မာဘက်က ပြန်စလိုက်တဲ့အတွက် အခုလို တင်းမာမှုတွေ ပြန်ဖြစ်လာတာပါ။

နယ်စပ်ခြံစည်းရိုးကာမှု အခြေအနေတွေနဲ့ ပတ်သက်ပြီး အဲဒီဒေသကို မနေ့ကမှ သွားရောက်လေ့လာခဲ့သူ ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်က ခိုင်ပြည်သိမ်းက ပြောပါတယ်။

“မနေ့ကပဲ ခြံစည်းရိုးကာတဲ့ နေရာကိုရောက်ခဲ့တယ်။ မိုင်တိုင်အမှတ် ၃၅ ပါ။ မောင်းတောခရိုင် နစက နယ်မြေ ၃ တောင်ညိုမြို့သစ်ရဲ့ ညာဘက်မှာ ရှိပါတယ်၊ အဲဒီနေရာ ကျနော် မိုးမကျခင်မှာရောက်တော့ ဘာမှမရှိသေးဘူး။ အခု တိုင်စိုက်ရုံပဲ ရှိသေးတယ်။ သံဆူးကြိုးတော့ မရိုက်သေးဘူး။ အတန်းလိုက် တိုင်စိုက်သွားတယ်။ ကွန်ကရစ်တိုင် ပေ ၂၀ အရှည်ရှိတာ၊ အောက်ကို ၁၀ ပေ စိုက်ပြီး အပေါ်ကို ၁၀ ပေထားတယ်။ ”

နယ်စပ်မှာ ခြံစည်းရိုးကာတာကို နိုင်ငံတကာဥပဒေအရ တားမြစ်တာ မရှိပေမယ့် နယ်စပ်မျဉ်းနဲ့ ကိုက် ၅၀ ခွာပြီး ကာရမယ်လို့ဆိုထားပါတယ်။ အခု နအဖဘက်က ခြံစည်းရိုးတိုင် စိုက်နေတဲ့နေရာဟာ ကိုက် ၅၀ မကွာတဲ့အပြင် ဘင်္ဂလားဒေ့ရှ် နယ်မြေထဲကိုပါ ဝင်နေတဲ့သဘောမျိုးဖြစ်နေတဲ့အတွက် အခုလို အခြေအနေတွေ တင်းမာလာတာဖြစ်ပါတယ်။ နယ်စပ်စည်းရိုး ကာတဲ့နေရာနဲ့ ပတ်သက်ပြီး နယ်စပ်မီဒီယာတွေက ကန့်ကွက်နေတာတွေ ရှိနေသလို အဲဒီနေရာကို ဘင်္ဂလားဒေ့ရှ်ဘက်က အဆင့်မြင့် တပ်မှူးတွေကိုယ်တိုင်ဆင်းလာပြီး စစ်ဆေးနေတာဖြစ်ကြောင်းနဲ့ ရှေ့ဆက် ဘာဆက်ဖြစ်မယ်လို့ မပြောနိုင်သေးကြောင်း ခိုင်ပြည်သိမ်းက ပြောပါတယ်။

ကီလိုမီတာ ၃၂၀ နယ်စပ်ချင်းထိနေတဲ့ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် အကြား နယ်မြေအငြင်းပွားမှု မကြာခဏဖြစ်လေ့ရှိပြီး အရင်ကလည်း နတ်မြစ်တလျောက် နအဖက တမံတုပ်မှုကြောင့် ၂ ဖက်တပ်တွေ ရင်ဆိုင်နေရာယူတဲ့အထိ တင်းမာခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့လတွေကလည်း ရေပိုင်နက် အငြင်းပွားမှုပါဖြစ်ပွားခဲ့ပါတယ်။ နယ်စပ်တလျောက်မှာ နယ်စပ်ကုန်သွယ်ရေး ဖြစ်ထွန်းနေသလို ကမ်းလွန်ပင်လယ်ပြင်မှာလည်း သဘာဝဓာတ်ငွေ့တွေ ထွက်နေပြီး ကိုရီးယားနဲ့ တရုတ်ကုမ္ပဏီတွေက တူးယူနေတဲ့အတွက် အဲဒီဒေသဟာ အများက စိတ်ဝင်စားတဲ့ နေရာတခု ဖြစ်လာနေပါတယ်။ နယ်စပ်အငြင်းပွားမှု သတင်းကို ဘင်္ဂလားဒေ့ရှ် မီဒီယာတွေမှာ ပြီးခဲ့တဲ့ သီတင်းပတ်ကစပြီး ဖော်ပြနေပေမယ့် နအဖစစ်အုပ်စုမီဒီယာမှာ အခုအထိ ဘာမှထုတ်ဖော်ကြေညာတာ မတွေ့ရသေးပါဘူး။

---

# ကလေးမြို့တွင် ရေဘေးဒုက္ခကြုံနေရ

**DVB ၊ အောက်တိုဘာ ၇ ။** ။ စစ်ကိုင်းတိုင်း ကလေးမြို့မှာ ပြီးခဲ့တဲ့ရက်ပိုင်းက မိုးအဆက်မပြတ်ရွာပြီး မြစ်ရေကြီးမှုကြုံတွေ့နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ကလေးမြို့အရှေ့ဘက်မှာရှိတဲ့ မြစ်သာမြစ်ဟာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်လာတာဖြစ်ပြီး မြစ်ကျောင်းတလျှောက်မှာရှိတဲ့ ကလေးမြို့ ပတ်ဝန်းကျင်က ကျေးရွာတွေ ရေမြုပ်ကုန်တာကြောင့် အခက်တွေ့နေကြတာပါ။ ကလေးမြို့မြောက်ဘက်ရှိ မြို့ဦးစံကျောင်း၊ မြစည်တော်ရိပ်သာနဲ့ မင်္ဂလာဥယျာဉ် စာသင်တိုက်စတဲ့ ဘုန်းကြီးကျောင်းတွေ ရေနစ်မြုပ်ပြီး သံဃာတော်တွေ မြို့ထဲ ဆွမ်းခံမထွက်နိုင်တာကြောင့် ဆွမ်းအခက်တွေ့နေရတယ်လို့ သိရပါတယ်။ ရေလွှမ်းမိုးမှု အခြေအနေကို သံဃာအပါး ၈၀ လောက်ရှိတဲ့ မင်္ဂလာဥယျာဉ်ကျောင်းတိုက်က ဦးဇင်းတပါးက မိန့်ကြားပါတယ်။

“လောလောဆယ် ၄ ရက် ဆက်တိုက်ရွာသွားတာ။ မြစ်သာမြစ်နဲ့ နေရဉ္စရာမြစ်ရယ် ၂ မြစ်ဆုံပြီး လျှံလာတာ။ ကျောင်းရဲ့မြောက်ဘက်က မြစည်တော်ကျောင်းက မဟာစည်မြစည်တော်သာသနာ့ရိပ်သာလေ၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ဘုန်းကြီးတွေရှိတာ။ ကျောင်းက ချိုင့်ကျတော့ ဘုန်းကြီးတွေတပါးမှ မရှိတော့ဘူး။ မြို့ထဲ ပြန်ကြွကုန်တယ်။”

မြို့ပေါ်ရှိ ရပ်ကွက်တချို့နဲ့ အနီးအပါးက ကျေးရွာတချို့လည်း ရေဘေးဒုက္ခနဲ့ကြုံတွေ့နေရပြီး ရေဘေးဒုက္ခသည်တွေအတွက် မြို့ထဲက စေတနာရှိသူတွေ၊ ဒါနပြုလိုသူတွေက ထမင်းထုပ်တွေ လိုက်ဝေပေးနေတယ်လို့ မြို့ခံတဦးက ပြောပါတယ်။ သဖန်းအိုင်၊ အင်တိုင်းကြီး၊ အင်တိုင်းလေး စတဲ့ကျေးရွာတွေမှာ စပါးစိုက်ခင်းဧက တော်တော်များများ ရေနစ်မြုပ်နေတယ်လို့ ဆိုပါတယ်။ ရေဘေးဒုက္ခကြောင့် သံဃာတော်တွေ ဒုက္ခရောက်နေပေမယ့် နယ်မြေခံအာဏာပိုင်တွေက လာရောက်အကူအညီပေးတာ မရှိဘူးလို့ မင်္ဂလာဥယျာဉ်ကျောင်းတိုက်က ဦးဇင်းက မိန့်ကြားပါတယ်။ ကလေးမြို့ အထွက်မှာ ရေဘေးကြုံနေရတဲ့ ဘုန်းကြီးကျောင်းတွေအတွက် ဘာကယ်ဆယ်ရေးမှ လုပ်မပေးတဲ့အပြင် ဘုန်းကြီးကျောင်းကို ဆွမ်းလာပို့တဲ့သူတွေကို ရဲတွေက တားထားပြီး လမ်းပိတ်ထားတယ်လို့ ကလေးမြို့ခံတဦးက ပြောပါတယ်။

“ရေက အခုအထိ တက်တုန်းပဲ။ စာသင်တိုက် တတိုက်ဆိုရင် သံဃာအပါး ၈၀ ကျော်ရှိတာ။ အဲဒါလည်း အခုအထိ ဘာမှလာလုပ်မပေးဘူး။ အခုဟာက တခါမှမကြုံဖူးဘူး။ ရေတော်တော်ကြီးတော့ လှေနဲ့ပဲ သွားရတော့တာ၊ မနက်က ဆွမ်းစားဆောင် တဆောင်နဲ့တဆောင် လှေနဲ့ကို ပင့်ရတာ၊ ကိုယ်တော်တွေ ခြေလျင်ကြွလို့ မရတော့ဘူး။”

ရေလွှမ်းမိုးမှုဟာ မနေ့မနက်ပိုင်းက စတင်ခဲ့တာဖြစ်ပြီး ရေဘေးဒုက္ခသည်တွေလည်း ရောက်လာနေကြဆဲပဲလို့ အဲဒီ ကလေးမြို့ခံက ပြောပါတယ်။

---

# ကျားကောင်ရေ လျော့နည်းလာနေ

**DVB ၊ အောက်တိုဘာ ၇ ။** ။ ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်းရှိ သဘာဝတောရိုင်းထဲမှာ အရင်က ကျားကောင်ရေ ၁၅၀ ကျော် ရှိရာကနေ အခု ၁၀၀ ပြည့်အောင်တောင် မကျန်တော့ဘူးလို့ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ ဒဗလျူစီအက်စ် က ထုတ်ဖော် ပြောဆိုလိုက်ပါတယ်။

ကျားအရေတွက် လျော့ဆင်းသွားတာဟာ တောလိုက်မုဆိုးတွေ၊ တောရိုင်းတိရစ္ဆာန် မှောင်ခိုရောင်းဝယ်မှုတွေ၊ ကျားရိုး၊ ကျားစွယ်တွေကို တိုင်းရင်းဆေးအဖြစ်သုံးမှုတွေ၊ ကျားသားရေ မှောင်ခိုရောင်းဝယ်မှုတွေကို မတားဆီးနိုင်တာကြောင့်လို့ ဒဗလျူစီအက်စ်က ပြောပါတယ်၊ မြန်မာနိုင်ငံက ဘေးမဲ့တောတွေထဲမှာ ဘင်္ဂလားနဲ့အင်ဒိုချိုင်းနား ကျား ၂ မျိုးစလုံး တွေ့ရပြီး မြက်ခင်းတွေ၊ ရေခဲပြင်တွေ၊ အမြဲစိမ်းသစ်တောတွေအတွင်း ကွဲပြားစွာ နေထိုင်ကျက်စားနေခွင့်ရနေတယ်လို့ဆိုပါတယ်။ ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းမြေစီမံကိန်းကို ၂၀၀၄ မှာ စတင်ခဲ့ပြီး ဧရိယာ ၂ သောင်း ၂ ထောင်စကွဲယား ကီလိုမီတာရှိတဲ့အတွက် ကမ္ဘာ့မှာအကြီးဆုံး တောရိုင်းမြေတခုဖြစ်တယ်လို့ ဆိုပါတယ်။ ရှားပါးကျား ထိန်းသိမ်းရေး၊ သန်းကောင်စာရင်းကောက်ရေးကိစ္စတွေကို ၁၉၉၈ ကစပြီး ဒဗလျူစီအက်စ်နဲ့ နအဖသစ်တောဌာနတို့ ပူးပေါင်း ဆောင်ရွက်လာတာ ဖြစ်ပါတယ်။

၁၉၈၀ ဝန်းကျင်မှာ ကောက်ယူထားတဲ့ စာရင်းအရဆိုရင် မြန်မာနိုင်ငံမှာ ကျားကောင်ရေ ၃ ထောင်ကျော်ရှိပြီး အိန္ဒိယပြီးရင် အာရှမှာ ကျားအများဆုံးနိုင်ငံဖြစ်တယ်လို့ သိရပါတယ်၊ ကမ္ဘာ့အကြီးမားဆုံး သစ်တောအတွင်း ကျားကောင်ရေ အခုလို ရုတ်တရက်လျော့ဆင်းသွားတာဟာ တောရိုင်းထိန်းသိမ်းရေးတာဝန်ရှိသူတွေအဖို့ ခေါင်းခဲစရာဖြစ်လာနေပါတယ်။ ဒါကြောင့် ဒီကိစ္စကို အချိန်မီ ကာကွယ်နိုင်ရေးအတွက် စစ်အုပ်စုတာဝန်ရှိသူတွေနဲ့ဒဗလျူစီအက်စ်တာဝန်ရှိသူတွေ ဆွေးနွေးပြင်ဆင်နေကြောင်း ဆင်ပွာသတင်းမှာ ဖော်ပြထားပါတယ်။

## ကုလဖြေရှင်းပေးရန် တောင်းဆို

**DVB | အောက်တိုဘာ ၉ ။** ။ သဘာဝဓာတ်ငွေ့အကြီးအကျယ်ထွက်နေတဲ့ ဘင်္ဂလားပင်လယ်အော်အတွင်းမှာ ဆယ်စုနှစ်နဲ့ချီပြီး ဖြစ်ပွားနေတဲ့ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံတို့ ရေပိုင်နက်အငြင်းပွားနေမှုကို ကုလသမဂ္ဂက ကြားဝင် ဖြန်ဖြေပေးဖို့ ဘင်္ဂလားဒေ့ရှ် အစိုးရက တောင်းဆိုလိုက်ပါတယ်။

မြန်မာနဲ့အိန္ဒိယက သံမှူးတွေကို ဆင့်ခေါ်ပြီး ဒီကိစ္စ ကုလသမဂ္ဂထံ တိုင်ကြားဖို့ ဒီနေ့မှာ ပြောဆိုလိုက်တယ်လို့ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒီပူမိုနီက သတင်းထောက်တွေကို ပြောဆိုလိုက်တာပါ။ ခုလို အငြင်းပွားမှု ဖြစ်နေတာ ၃၅ နှစ်ရှိနေပေမယ့် အခုအထိ တိကျတဲ့ အဖြေမရှာနိုင်သေးတာကြောင့် ကုလသမဂ္ဂ ပင်လယ်ပြင်ဆိုင်ရာ ဥပဒေစိုးမိုးရေးအဖွဲ့ထံ တိုင်ကြားရတာဖြစ်ပြီး အိမ်နီးချင်း မိတ်ဆွေနိုင်ငံ အချင်းချင်း ထိခိုက်အောင်လုပ်တာမဟုတ်ဘဲ အဖြေရအောင် လုပ်ခြင်းသာဖြစ်တယ်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်တွေကိုရှင်းလင်းပါတယ်။

ဒါဟာ တောင်ကိုးရီးယား ဒေဝူးကုမ္ပဏီကို နအဖစစ်အုပ်စုက အဲဒီဒေသအတွင်း ရေနံ တူးခွင့် ပေးတဲ့အတွက် ပြဿနာဖြစ်ပြီး တနှစ်လောက်အကြာမှာ ထွက်ပေါ်လာတဲ့ တိုင်ကြားမှုလည်းဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနယ်စပ်မှာ နယ်မြေအငြင်းပွားမှုကလည်း လက်ရှိနေတုန်းပါပဲ။ မိုးရာသီက ရပ်နားထားတဲ့ နယ်စပ်ခြံစည်းရိုးကာမှုကို နွေဦးရာသီမှာ မြန်မာဘက်က ပြန်စလိုက်တဲ့အတွက် အခုလို တင်းမာမှုတွေ ပြန်ဖြစ်လာတာလို့ အဲဒီဒေသမှာရှိတဲ့ ဒေသခံတဦးဖြစ်သူ ခိုင်ပြည့်သိမ်းက ပြောပါတယ်။ ကီလိုမီတာ ၃၂၀ နယ်စပ်ချင်းထိနေတဲ့ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်အကြား နယ်မြေအငြင်းပွားမှု မကြာခဏဖြစ်နေပြီး နတ်မြစ်တလျှောက် နအဖက တမံဆောက်မှုကြောင့် ၂ ဖက်တပ်တွေ ရင်ဆိုင်နေရာယူတဲ့အထိ တင်းမာမှုဖြစ်ခဲ့ဖူးပါတယ်။

## မူဝါဒသစ် စဉ်းစားရန်လို ပြင်သစ်ပြော

**DVB | အောက်တိုဘာ ၉ ။** ။ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေလုပ်ခဲ့တာ အခုအချိန်အထိ ဘာရလဒ်မှ ထွက်မလာတဲ့အတွက် စစ်အုပ်စုနဲ့ တိုက်ရိုက်ထိတွေ့ ဆွေးနွေးရေးပေါ်လစီကို စဉ်းစားဖို့လိုပြီလို့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကပြောဆိုလိုက်ပါတယ်။

မနေ့က ကျင်းပတဲ့ ပြင်သစ်ပါလီမန်မှာ နိုင်ငံခြားရေးဝန်ကြီး ဘားနက်ကော့ချ်နာက အခုလိုမှတ်ချက်ပေးသွားတာပါ။ စီးပွားရေးပိတ်ဆို့မှုဟာ အသုံးမဝင်ဘူး၊ ဘယ်သူကမှ အသိမှတ်မပြုဘူး၊ ဒါကြောင့် အိုင်ဒီယာ အသစ်နဲ့ အလုပ်ဖြစ်အောင် လုပ်သင့်တယ်လို့ နိုင်ငံခြားရေးဝန်ကြီးက ပါလီမန်အတွင်း ပြောဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်း အိုဘားမားရဲ့ အမေရိကန်အစိုးရက စီးပွားရေးပိတ်ဆို့မှု မရုပ်သိမ်းဘဲ တိုက်ရိုက်ဆက်ဆံရေးကိုပါ တပြိုင်နက်တည်းကျင့်သုံးဆိုတဲ့ ပေါ်လစီအသစ်ကြေညာအပြီး အီးယူ အင်အားကြီးနိုင်ငံတခုက အလားတူလေသံထွက်လာတာလို့ သတင်းထောက်တွေက ပြောပါတယ်။

ပါရီအခြေစိုက် အင်ဖိုဗျာမနီအဖွဲ့မှ အစ္စဘဲလ် ရူဘိုအိက နိုင်ငံခြားရေးဝန်ကြီးဟာ စီးပွားရေးပိတ်ဆို့မှုနဲ့ ပတ်သက်ရင် အမြဲတန်း ခုလို ပြောဆိုလေ့ရှိပြီး ဒါဟာ ပြင်သစ်ပိုင် တိုတယ်ရေနံကုမ္ပဏီ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံထားတာကြောင့်လို့ဝေဖန်ပါတယ်။ တိုတယ် ကုမ္ပဏီဟာ မြန်မာနိုင်ငံတောင်ပိုင်းကမ်းပေါက်ဒေသရှိ ရတနာဓာတ်ငွေ့ စီမံကိန်းမှာ ဒေါ်လာသန်းနဲ့ချီ ရင်းနှီးမြှုပ်နှံမှုလုပ်နေပြီး အဲဒီ စီမံကိန်းကနေ နအဖက နှစ်စဉ် ဒေါ်လာသန်း ၅၀၀ ဝင်ငွေရနေပါတယ်။

တိုတယ်ကုမ္ပဏီဟာ ပြင်နိုင်ငံ နိုင်ငံရေးလောကမှာ ဩဇာကြီးပြီး အခု စီးပွားရေးပိတ်ဆို့မှုကိစ္စနဲ့ ဩဇာကြီးမားမှုဟာ ဆက်စပ်မှုရှိနေတယ်လို့ ရူဘိုအိက ပြောပါတယ်။ အခုအချိန်မှာ စီးပွားရေးပိတ်ဆို့မှု အသုံးမဝင်ဘူးလို့ ပြောဖို့စောနေသေးကြောင်းနဲ့ ထိရောက်ပြင်းထန်တဲ့ စီးပွားရေးပိတ်ဆို့မှုကို အခုအထိ မလုပ်သေးဘဲ ဟန်ပြသာလုပ်ခဲ့တဲ့အတွက် ဖြစ်တယ်လို့လည်း ရူဘိုအိက ပြောပါတယ်။

## ၅ စီးထက်မနည်း ယာဉ်တိုက်မှုဖြစ်ပွား

**DVB | အောက်တိုဘာ ၁၀ ။ ။** မော်တော်ယာဉ် ငါးစီးထက်မနည်း ယာဉ်တိုက်မှုတခု ဒီကနေ့ နေ့လယ်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနဲ့ ပါရမီလမ်းထောင့်ရှိ ချော်တွင်းကုန်းမီးပွိုင့်မှာ ဖြစ်ပွားခဲ့ပါတယ်။

ဒီယာဉ်တိုက်မှုကြောင့် လူတဦး ဒဏ်ရာအပြင်းအထန်ရသွားပြီး သုံးဦးခန့်လည်း ဒဏ်ရာရရှိသွားကြတယ်လို့ မြင်တွေ့ခဲ့ရတဲ့ ရန်ကုန်မြို့ခံ ပြောပါတယ်။

“ဒဏ်ရာရတာ ၃ ယောက်လောက်ပဲ အများကြီးမဟုတ်ပါဘူး။ တယောက်က ဆုံးသွားတာလား မသိဘူး။”

ယာဉ်တိုက်မှုကို သူမြင်တွေ့ခဲ့ရပုံလည်း သူက အခုလို ဆက်ပြောပါတယ်။

“ကျမမြင်တာတော့လေ ၆ စီးလောက်ပဲရှိတယ်။ ပထမ တိုက်တဲ့ကားက တချို့ပြောတော့ ဘတ်စ်လို့ပြောတယ်။ ကျမတွေ့တဲ့ ဘတ်စ်က အဲယားကွန်း ဘတ်စ် လိုမျိုး ၁၄ ယောက်လောက်စီးတဲ့ ဘတ်စ်ပေါ့၊ သူက မီးပွိုင့်ရဲ့ ရှေ့ဆုံးမှာ ရပ်ထားတယ်၊ မှန်တွေ ပျက်စီးနေတယ် အများကြီးမထိဘူး၊ တခြားကားတွေက ထိသွားတာပေါ့။ တက်စီ ၂ စီး ၃ စီးလောက်ပါမယ် ထင်တယ်။”

ရန်ကုန်မြို့တွင်းမှာ ကီလိုမီတာ ၄၀ အောက်သာ မောင်းနှင်ဖို့ စည်းကမ်းသတ်မှတ်ထားပေမယ့် မီးပွိုင့်တွေမှာ စောင့်ချိန်ကြာပြီး မီးပွိုင့်လွတ်အောင် ယာဉ်မောင်းတွေ အရှိန်မြှင့်မောင်းနှင်ကြတယ်။ ပါရမီ၊ အဓိပတိနဲ့ ရွှေဂုံတိုင်လို အထူးယာဉ်လိုင်းကားတွေနဲ့ ဘတ်စ်ကားတွေက အရှိန်အများဆုံးမောင်းနှင်ကြတာကြောင့် ယာဉ်တိုက်မှုတွေ ပိုဖြစ်လာတာလို့လည်း ရန်ကုန်မြို့က ယာဉ်မောင်းတဦးက ပြောပြပါတယ်။

“အခုဆိုလို့ရှိရင် အထူးယာဉ်လိုင်းတွေက အရမ်းမောင်းတယ်၊ ကားအင်ဂျင်တွေကလည်းကောင်းတယ်၊ ကားတွေကလည်း အသစ်တွေပဲ၊ ပိုက်ဆံလည်းပိုယူတယ်၊ ဦးပိုင်က ကားတွေက အထူးအခွင့်အရေးရတယ်။ အထူးဆိုပြီးတော့ စွတ်မောင်းတယ်၊ အခုအချိန်က ခရီးသည်တွေ သိပ်မရှိဘူး၊ အုံနာကြေးတွေကလည်းများတယ်။ ဒါကြောင့် ဘက်စ်ကားတွေ၊ တက်စီတွေက ခရီးသည်တွေကို လုတင်နေတာဖြစ်ပါတယ်။”

ပြီးခဲ့တဲ့ လထဲမှာ ပြည်လမ်းမပေါ် ယာဉ်ဆယ်စီးခန့် အခုလို အဆင့်ဆင့်တိုက်တဲ့ ယာဉ်တိုက်မှုတခု ဖြစ်ခဲ့ဖူးပြီး ဒီလိုယာဉ်တိုက်မှုတွေ ပိုပိုများလာတယ်လို့ ရန်ကုန်မြို့က ယာဉ်မောင်းအချို့က ဆိုကြပါတယ်။

## မြန်မာ ၈ ဦး နိုင်ငံရေးခိုလှုံခွင့်ရ

**DVB | အောက်တိုဘာ ၉ ။** ။ တောင်ကိုးရီးယားနိုင်ငံက မြန်မာ့ဒီမိုကရေစီရေး ဆောင်ရွက်သူ ၈ ဦးကို နိုင်ငံရေးခိုလှုံခွင့်ပေးလိုက်ပါတယ်။ သူတို့အားလုံးဟာ အဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ကိုးရီးယားဌာနခွဲ အဖွဲ့ဝင်တွေ ဖြစ်ပါတယ်။

ကိုးရီးယားနိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်ရဖို့ ခက်ခဲပြီး အခု ၈ ဦး ဆိုရင် ၃ နှစ်နီးပါးလောက် ကြိုးစားခဲ့ရတာလို့ သိရပါတယ်။ ကိုရီးယားနိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်ရဖို့ဆိုတာ အင်မတန်ခက်ခဲပြီး ကိုရီးယားထောက်လှမ်းရေး၊ ရဲနဲ့တရားရေးရာဌာနတို့က နိုင်ငံရေးတကယ်ဆောင်ရွက်သူ ဟုတ်မဟုတ်၊ ကိုရီးယားမှာ နေချင်လို့ လိမ်လည်ပြီး လျှောက်ထားသူ ဟုတ်မဟုတ် ပြည်တွင်းပြည်ပ အဖက်ဖက်က စုံစမ်းပြီးမှ အဖက်ဖက်ကပြည့်စုံလို့ ခိုလှုံခွင့်ပေးတာလို့ အဖွဲ့ချုပ်လွတ်မြောက်နယ်မြေ ကိုးရီးယားဌာနခွဲတာဝန်ခံ ကိုရန်နိုင်ထွန်းက ပြောပါတယ်။

“ထူးခြားမှုတခုလို့ ပြောလို့ရပါတယ်၊ ရတဲ့သူက ဒီမှာ ဈေးသက်သာစွာနဲ့ဆေးဝါးကုသခွင့်ရှိသွားပါပြီ။ ပြည်ပထွက်ခွင့် နိုင်ငံကူးလက်မှတ် လုပ်ခွင့်ရသွားပါပြီ။ တရားဝင်အလုပ်လုပ်ကိုင်ခွင့် ရရှိသွားပါပြီ။ ကိုရီးယားနိုင်ငံသားနဲ့မခြားအခွင့်အရေးတွေ ရရှိမှာဖြစ်ပါတယ်။ မဲဆန္ဒပေးပိုင်ခွင့်က လွဲလို့ တခြားအခွင့်အရေးတော်တော်များများရရှိမှာ ဖြစ်ပါတယ်။”

အဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ကိုရီယားဌာနခွဲမှာ အဖွဲ့ဝင် ၃၂ ဦး ရှိပြီး ၂၂ ဦးသာ နိုင်ငံရေးခိုလှုံခွင့် ရသေးတယ်လို့ သိရပါတယ်။

# အမျိုးသားရင်ကြားစေ့ရေးဆိုရာဝယ် အပိုင်း–၃

ခင်မမမျိုး

**ယခင်တပတ်မှအဆက်**

ဥပမာဆိုရရင် ၁၉၆၈ ခုနှစ်မှာ အိုင်ယာလန်မြောက်ပိုင်းက ကက်သလစ်ဘာသာဝင်လူနည်းစုဟာ နိုင်ငံသားဆိုင်ရာအခွင့်အရေးတောင်းဆိုမှုတွေကို အကြမ်းမဖက်ဆန္ဒပြတဲ့နည်းနဲ့ ပြုလုပ်ခဲ့ကြပါတယ်။ ဒီဆန္ဒပြပွဲကို လူများစုပရိုတက်စတင့်ဘာသာဝင်တွေက ထိန်းချုပ်တဲ့အစိုးရက အင်အားသုံးဖြိုခွင်းခဲ့ပါတယ်။

အဲဒီမှာတင် အတိတ်ကရှိခဲ့ဘူးတဲ့ စိတ်ဒဏ်ရာအနာတရတွေ ထွက်ပေါ်လာပါတယ်။ ပြန်ပြောင်းသတိရမှုတွေဖြစ်ပွားလာပါတယ်။ နောက်ဆုံးမှာတော့ လွတ်လပ်တဲ့အိုင်ယာလန်နိုင်ငံတည်ဆောက်ရေး တောင်းဆိုမှုတိုက်ပွဲအထိ ကြီးကျယ်သွားပါတော့တယ်။ ဒီအခြေအနေဟာ Conflict Emergence အခြေအနေဘဲဖြစ်ပါတယ်။ ဒီအဆင့်မှာလူအများပူးပေါင်းပါဝင်လာကြပါတယ်။ လူအများကရွေးချယ်တဲ့ခေါင်းဆောင်ဘဲဖြစ်ဖြစ်၊ တံဆိပ်ကပ်ခေါင်းဆောင်ဘဲဖြစ်ဖြစ် ခေါင်းဆောင်တွေထွက်ပေါ်လာပါတယ်။

အဲဒီကနေတဆင့် ပဋိပက္ခဟာ တစတစနဲ့ကျယ်ပြန့်သွားပါတော့တယ်။ အများကပူးပေါင်းပါဝင်မှုတွေရှိလာပါတယ်။ ပဋိပက္ခဖြစ်ကြတဲ့ နှစ်ဦးနှစ်ဘက်အကြားက အပေါ့စားနည်းဗျူဟာ light tactic တွေဖြစ်တဲ့ အပြုသဘောဝေဖန်ဆွေးနွေးငြင်းခုန်မှု၊ ကတိကဝတ်ပြုမှုတွေကနေ အပြင်းစားနည်းဗျူဟာ heavy tactic တွေဖြစ်တဲ့ ခြိမ်းခြောက်မှု၊ ပါဝါကစားမှုနဲ့ အကြမ်းဖက်မှုတွေဖြစ်လာပါတယ်။

ပဋိပက္ခအရွယ်အစားကြီးလာပါတယ်။ အဖြစ်အပျက်တခုတည်းကို အာရုံစိုက်မှုကနေ ကိစ္စရပ်တွေပိုများလာတယ်။ ပါဝင်တဲ့ဘက်နှစ်ဘက်မှာ ညှိနှိုင်းဘို့အဆင့်မဟုတ်တော့ဘဲ တဘက်နဲ့တဘက်အနိုင်ယူဘို့ အဆင့်ဖြစ်လာပါတယ်။ ဒီအခြေအနေကို conflict escalation ဖြစ်လာတဲ့အဆင့်လို့သတ်မှတ်ကြပါတယ်။ ဒီလိုနဲ့ conflict escalation အဆင့်မှာ အချိန်ကြာလာတဲ့အခါ နှစ်ဘက်စလုံးက နိုင်လည်းမနိုင် ရှုံးလည်းမရှုံးတဲ့ အခြေအနေကိုရောက်လာပါတယ်။

နှစ်ဘက်စလုံးခြေကုန်လက်ပန်းကျလာတဲ့အခြေအနေမျိုးကို ပြောတာပါ။ ဒါပေမယ့် နှစ်ဘက်စလုံးကလည်း ရှုံးတယ်လို့လက်မခံနိုင်ကြသလို ဘက်တဘက်ကအရှုံးပေးလိုက်တယ်ဆိုတာမျိုးလည်း မရှိပါဘူး။ အဲဒီလိုအခြေအနေမျိုးကို stalemate အဆင့်လို့သတ်မှတ်ကြပါတယ်။ ဒီလိုနဲ့အချိန်တွေကြာလာတဲ့အခါမှာ ပဋိပက္ခဆက်ဖြစ်နေရတာဟာ ပေးဆပ်ရတာသိပ်ကြီးလွန်းတဲ့အခြေအနေ နှစ်ဘက်လုံးမှာဖြစ်လာပါတယ်။

ပဋိပက္ခစတင်ဖြစ်ပွားစဉ်က ရည်မှန်းချက်တွေကလည်း အသွင်ပြောင်းလဲလာပါတယ်။ အများစုကလည်း ထောက်ခံအားပေးမှုလျော့ကျလာပါတယ်။ အဲဒီမှာတင်ဒီပဋိပက္ခကို ဘယ်လိုအဆုံးသတ်သင့်သလဲ၊ ဘယ်လိုအပေးအယူလုပ်သင့်သလဲဆိုတာ နှစ်ဘက်စလုံးကစဉ်းစားလာကြပါတော့တယ်။ ဒီလိုဖြစ်လာတဲ့အခြေအနေကို conflict de-escalation အဆင့်လို့ သတ်မှတ်ကြပါတယ်။

ဥပမာ တောင်အာဖရိကသမတ De Klerk ဟာ အမျိုးသားပါတီနဲ့ တောင်အာဖရိကလူဖြူများရဲ့ ရည်မှန်းချက်တွေကို ပြန်လည်ပြုပြင်ပြီး နိုင်ငံသစ်ကို ပြန်လည်တည်ထောင်ဘို့အတွက် ကနဦးဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်အနေနဲ့ incumbent-led caretaker government ကိုစတင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဗိုင်ယာလော့ခ်နဲ့ပဋိပက္ခဖြေရှင်းမှု conflict/ dispute settlement အဆင့်ကိုထပ်ရောက်သွားပြီး ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်တွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

တောင်အာဖရိကနိုင်ငံက အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်အပြင် တခြားအမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်များဖြစ်တဲ့ အာဂျင်တီးနား၊ ရိုမေးနီးယား၊ ပိုလန်၊ ဟန်ဂေရီ၊ ဂွာမာလာနဲ့စပိန်နိုင်ငံများမှာလည်း အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်ဆိုတာ conflict de-escalation သို့မဟုတ် conflict settlement အဆင့်တွေနောက်ပိုင်းမှာမှ ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့အတူ တွဲဘက်ပေါ်လာတာဖြစ်ပါတယ်။

ဒီအဆင့်ဆင့်တွေဟာ အဆင့်လိုက်ဖြစ်ပေမယ့် တချို့အဆင့်တွေမှာ ရပ်တန့်နေတာမျိုး နောက်ပြန်ဆုတ်သွားပြီးမှ အရှိန်ယူပြီး တဆင့်ပြန်တက်တာမျိုးတွေလည်း ရှိတတ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် conflict de-escalation မဖြစ်ပြီးသရွေ့ စစ်မှန်တဲ့အမျိုးသားရင်ကြားစေ့ရေးဆိုတာ ဖြစ်ပေါ်လာမှာမဟုတ်ပါဘူး။

အခုဆက်လက်ပြီး မြန်မာ့အရေးမှာလတ်လော အလွန်ရေပန်းစားနေတဲ့ အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့စကားလုံးဟာ လက်ရှိအခြေအနေ အချိန်အခါနဲ့ ကိုက်ညီမှုရှိ မရှိဆိုတာကို ဆက်လက်တင်ပြပါမယ်။

## မြန်မာ့အရေး

မြန်မာနိုင်ငံမှာ သက်ဦးဆံပိုင်ဘုရင်စနစ် ကျင့်သုံးခဲ့စဉ်တုန်းက စနစ်ကြောင့်ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေရှိပါတယ်။ ဒါတွေဟာ ဗမာလူမျိုးစုနဲ့မွန်လူမျိုးစုအကြား၊ ဗမာလူမျိုးစုနဲ့ရှမ်းလူမျိုးစုအကြား၊ ဗမာလူမျိုးစုနဲ့ရခိုင်လူမျိုးစုအကြားမှာဖြစ်ပွားတဲ့ ပဋိပက္ခတွေမဟုတ်ပါဘူး။ ရှေးခေတ်တပ်မတော်တွေရဲ့ ဖွဲ့စည်းပုံစနစ်၊ တပ်မတော်တွေကို အာဏာတပ်မက်တဲ့ဘုရင်တွေက ကိုယ်လိုရာဆွဲယူအသုံးချလို့ရနိုင်တဲ့ သက်ဦးဆံပိုင်ဘုရင်စနစ်တွေကြောင့် အိမ်ကြက်ခြင်းအိုးမဲသုတ် အခွပ်ခံရတာဖြစ်ပါတယ်။

နယ်ချဲ့ခေတ်ရောက်တော့လည်း ဒီအတိုင်းပါဘဲ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ နယ်ချဲ့စနစ်ရဲ့အုပ်ချုပ်ရေး ယန္တရားတည်တံ့ခိုင်မာမှုကို ခြိမ်းခြောက်နိုင်တဲ့ အန္တရာယ်ဖြစ်တာကြောင့် နယ်ချဲ့စနစ်က သွေးခွဲအုပ်ချုပ်မှုတွေပြုလုပ်ထားခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးချိန်ရောက်တဲ့အခါကျတော့လည်း စစ်မှန်တဲ့အမျိုးသားရင်ကြားစေ့ရေး လုပ်မယ့်အခြေအနေရောက်ချိန်မှာမှ ထွေထွေပြဿနာမျိုးစုံကြောင့် မြန်မာ့မြေဟာစစ်တလင်းပြင် ဖြစ်ခဲ့ရပြန်ပါတယ်။

စစ်တလင်းပြင်မြေမှာ နိုင်ငံတော်ကာကွယ်ရေးအင်အားစုဖြစ်တဲ့ တပ်မတော်ရဲ့အခန်းကဏ္ဍက တစတစကြီးထွားလာတတ်တာ ထုံးစံပါဘဲ။ လူ့သဘောသဘာဝဆိုတာက နေရာပေးလွန်းတာခံရရင် သူဟာမရှိမဖြစ်အရေးပါနေတယ်လို့ ခံစားရတတ်ပါတယ်။ အဲဒီအခါမှာ စိတ်သဘောထားမှန်သူက လုပ်စရာရှိတာလုပ်ပြီး စိတ်သဘောထားမပြည့်သူက လုပ်ပိုင်ခွင့်ကိုလိုတာထက် တိုးချဲ့လာတတ်ပါတယ်။

မြန်မာ့တပ်မတော်ရေးရာမှာလည်း ဒီအတိုင်းဖြစ်ခဲ့တော့တာပါဘဲ။ မြန်မာ့တပ်မတော်ရဲ့ အဲဒီခေတ်ကခေါင်းဆောင်တွေက စိတ်ထားမမှန်ပါဘူး။ ပြည်တွင်းစစ်အရှိန်ကြောင့် တပ်မတော်ရဲ့အခန်းကဏ္ဍတိုးမြင့်လာမှုကို အခွင့်ကောင်းယူပြီး နိုင်ငံတော်ကာကွယ်ရေး အင်အားစုအဆင့်ကနေ နိုင်ငံတော်ရဲ့နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို တိုးမြှင့်နေရာယူပါတော့တယ်။ ဒီလိုတိုးမြှင့်နေရာယူလာမှုမှာလည်း ပြည်သူလူထုအကျိုးကိုဦးတည်တဲ့ နိုင်ငံရေးဦးဆောင်မှုကို ပြုလုပ်ခြင်းမရှိတာကြောင့် အစိုးရ၊ တပ်မတော်၊ ပြည်သူဆိုတဲ့နိုင်ငံတခုမှာ အရေးကြီးတဲ့တြိဂံသဏ္ဍာန်ဖြစ်တည်မှုက ပျက်သွားပါတယ်။

အစိုးရကိုတပ်မတော်က အပြီးအပိုင်ရယူလိုက်ပါတယ်။ ပြည်သူ့အကျိုးစီးပွားနဲ့ တိုက်ရိုက်ဆန့်ကျင်တဲ့လုပ်ရပ်တွေကြောင့် ပြည်သူနဲ့ဆန့်ကျင်ဘက်ဖြစ်လာပါတယ်။ ပြည်သူနဲ့စစ်အစိုးရကြားက ပဋိပက္ခတွေ ပိုမိုပြင်းထန်လာပါတယ်။ စစ်အာဏာရှင်ကိုတော်လှန်တဲ့ လူတန်းစားတရပ်ထွက်ပေါ်လာပါတယ်။ အမြော်အမြင်ရှိတဲ့ တော်လှန်ရေးခေါင်းဆောင်များဦးဆောင်တဲ့ လူမျိုးတွေအချင်းချင်းအကြား ညီညွတ်မှုကိုတည်ဆောက်နိုင်လာတာနဲ့အမျှ ဘုံရန်သူကိုဆန့်ကျင်တဲ့ လုပ်ငန်းစဉ်တွေထွက်ပေါ်လာပါတယ်။

**ရှေ့တပတ်ဆက်လက်ဖော်ပြပါမည်**

# မြဝတီ–မဲဆောက် တံတားသစ်တစင်း ထိုင်းအစိုးရက ထပ်ဆောက်မည်

**DVB ၊ အောက်တိုဘာ ၉ ။** ။ ထိုင်း–မြန်မာ ၂ နိုင်ငံ ကုန်သွယ်ရေး တိုးမြှင့်ဖို့ ခြေလှမ်းတခုအဖြစ် ထိုင်းအစိုးရက ထိုင်း–မြန်မာ နယ်စပ်ဖြစ်တဲ့ မြဝတီမြို့နဲ့ မဲဆောက်မြို့ကိုဆက်သွယ်တဲ့ နောက်ထပ် ချစ်ကြည်ရေးတံတားတခုကို ငွေစိုက် ထုတ် အကုန်ကျခံဆောက်လုပ်ဖို့ ထိုင်းအစိုးရက အတည်ပြုလိုက်ပါပြီ။

နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်ဖို့၊ သွားလာရေးလွယ်ကူဖို့နဲ့ နယ်စပ်စီးပွားရေးဇုံတခုတည်ဆောက်ဖို့ သောင်ရင်းမြစ်ကိုခွပြီး ထိုင်း–မြန်မာ ချစ်ကြည်ရေးတံတား အမှတ် ၂ ကို တည်ဆောက်သွားမယ်လို့ ထိုင်းအစိုးရက အတည်ပြုလိုက်တာပါ။ ပြီးခဲ့တဲ့အင်္ဂါနေ့ ထိုင်း ကက်ဘိနက်အစည်းအဝေးမှာ တံတားတစင်းဆောက်လုပ်ရေးအပါအဝင် ထိုင်း–မြန်မာ အထူးစီးပွားရေးဇုံ တည် ဆောက်ဖို့ အတည်ပြုပေးခဲ့ပြီး စီးပွားရေးဇုန်သစ် ဖွင့်လှစ်တဲ့အခါမှာ လက်ရှိကုန် သွယ်မှု ဘတ်သန်းပေါင်း ၂ သောင်းဖိုးကနေ ဘတ်သန်း ၄ သောင်းဖိုး အထိ ၂ ဆတိုးမြှင့်နိုင်မယ်လို့ မျှော်လင့်ကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အဆင့်မြင့်တာဝန်ရှိသူတွေကို ကိုးကားပြီး ထိုင်းနိုင်ငံထုတ်သတင်းတွေမှာ ဖော်ပြထားပါတယ်။ ဒီချစ်ကြည်ရေးတံတားသစ်ဆောက်ဖို့ ထိုင်းအစိုးရဆီ လျှောက် တင်ခဲ့တဲ့ တပ်ခ်ခရိုင်ကုန်သည်ကြီးများအသင်းရဲ့ ဥက္ကဋ္ဌ ဘန်ပေါ့ ခိုခီယက်ချဝန်းက…

"အခုရှိတဲ့ တံတားအဟောင်းကြီးက ပျက်စီးစပြုနေပြီဆိုတော့ ကုန်တင်ကားအကြီးစားတွေ ဖြတ်သန်းသွားလာလို့ မရဘူးဖြစ်နေတယ်။ ဒါကြောင့် တံတား နောက်တခု ထပ်ဆောက်ချင်တာပါ" လို့ ပြောပါတယ်။

ဒီတံတားကို မြန်မာနိုင်ငံ မြဝတီမြို့ရဲ့ ဝါတောရပ်ကွက်နဲ့ မဲဆောက်မြို့ရဲ့ ထအာရပ်ကွက်ကို ဆက်သွယ်ဆောက်လုပ်ဖို့ ထိုင်းက ရည်ရွယ်ထားပါတယ်။ ဘတ်သန်း ၄ ရာကျော် အကုန်ကျခံတည်ဆောက်မယ့် အမှတ် ၂ တံတားဟာ အခုလက်ရှိ တံတားနဲ့ ၅ ကီလိုခန့် ကွာဝေးမှာဖြစ်ပြီး မြန်မာပြည်ဘက်ဆိုရင် အရင်တံတားရဲ့ ဘက်ဘက်ခြမ်းမှာ တည်ဆောက်မှာဖြစ်တယ်လို့ မြဝတီဘက်ခြမ်းက မြန်မာကုန်သည်တွေက ခန့်မှန်း ပြောဆိုပါတယ်။ တံတားဆောက်ရေး ကိစ္စနဲ့ပတ်သက်ပြီး ထိုင်းအစိုးရဝန်ကြီးအဖွဲ့က မြန်မာအစိုးရနဲ့ ဆက်လက်ဆွေး နွေးသွားမှာဖြစ်ပါတယ်။ တပ်ခ်ခရိုင် ကုန်သွယ်ရေးအကြီးအကဲတွေက မနေ့ တုန်းကလည်း မြဝတီအလယ်တန်းကျောင်းမှာ ကလေးတွေအတွက် ကွန်ပျူတာ သွားလှူဒါန်းရင်း အဲဒီတံတားကိစ္စဆွေးနွေးဖြစ်သေးတယ်လို့ မြဝတီဘက်က ကုန်သည်တဦးက ပြောပါ တယ်။

"ကွန်ပျူတာ လာလှူတော့ မဲဆောက်က ကုန်သွယ်ရေးလူကြီးတွေလည်း ပါလာတယ်။ မြဝတီဘက်က ခရကတို့ ကုန်သွယ်ရေးတို့နဲ့ အဲ့ဒီကိစ္စပြောကြတယ်။ ဒီလမကုန်ခင် ရက်ပိုင်းအတွင်း အဆင်ပြေတဲ့တနေ့မှာ ဟိုဘက်လူကြီး၊ ဒီဘက် လူကြီး တံတားဆောက်မယ့်နေရာကို တိုင်းထွာကြီးကြပ်မယ်တဲ့။"

ဒီတံတားသစ်ကို မြန်မာဘက်က အထူးစီးပွားရေးဇုံကို ဆက်သွယ်ပေး မှာမို့ နယ်စပ်ကုန်သည်တွေအနေနဲ့ ကုန်သွယ်မှုနဲ့ သွား လာရေးပိုလွယ်ကူမှာ ဖြစ်ကြောင်း မဲဆောက်ကုန်သည်တဦးက ပြောပါတယ်။

"ကုန်သည်တယောက်အနေနဲ့ လုပ်ငန်းတွေ ပိုပြီး ကျယ်ပြန့်သွားမှာပေါ့။ တံတား ၂ ခု ဖြစ်သွားတော့ သွားရလာရတာ ကောင်းတယ်။ တလမ်းမကောင်း တလမ်းသွားလို့ရတာပေါ့။" ထိုင်း–မြန်မာနယ်စပ်မှာ လက်ရှိ မြဝတီ–မဲဆောက် တံတားနဲ့ မယ်ဆိုင်–တာချီလိတ်တံတား စုစုပေါင်းတံတား ၂ ခု ရှိပါတယ်။

# ကိုငြိမ်းချမ်းကို ထောင် ၁၀ နှစ်ချ

**DVB ၊ အောက်တိုဘာ ၆ ။** ။ ဂျင်နရေးရှင်းဝေ့ ခေါ် မျိုးဆက်သစ်လူငယ်များ အဖွဲ့က ကိုငြိမ်းချမ်းကို အနောက်ပိုင်းခရိုင်တရားရုံး ခရိုင်တရားသူကြီး ဦးညီ ညီစိုးက အီလက်ထ ရောနစ်ပုဒ်မ ၃၃–ကနဲ့ ဒီနေ့ ထောင်ဒဏ် ၁၀ နှစ် စီရင်ချက် ချမှတ်လိုက်ပါတယ်။

ကိုငြိမ်းချမ်းကို အရင်ကလည်း တရားမဝင် အသင်းဖွဲ့စည်းမှုနဲ့ ထောင် ဒဏ် ၈ နှစ်ချထားပြီးဖြစ်တဲ့အပြင် နောက်ထပ်စစ်ဆေးနေဆဲ အမှုတွေ ကျန်နေ သေးတယ်လို့ မိသားစုနဲ့နီးစပ်သူတဦးက ပြောပါတယ်။

"ကိုငြိမ်းချမ်းက အရင် ပုဒ်မ ၁၇–၁ ရယ်၊ တရားမဝင်အသင်းဖွဲ့စည်းမှု ဆိုပြီး အသင်းဖွဲ့ပုဒ်မ ၆ နဲ့ ၈ နှစ် စမ်းချောင်းတရားရုံးကနေ အမိန့်ချခံခဲ့ဖူးတယ်။ စမ်းချောင်းတရားရုံးမှာပဲ ၁၇–၂၀ ရယ်၊ ၁၃–၁ ရယ်၊ ၂ မှု ရင်ဆိုင်စရာရှိသေး တယ်။ ၁၃–၁ မှာ အောင်ကိုမင်းနဲ့ ၂ ယောက်ပေါ့။ တကယ်လို့ ကျသွားနိုင်မယ် လို့အမှုပေါင်းလိုက်ရင် သူလည်း ထောင်ဒဏ်နှစ် ၂၀ ကျော် လောက်အထိဖြစ် သွားမှာပေ့ါ။"

ကိုငြိမ်းချမ်းကို တပတ်မှာ ၃ ကြိမ်လောက် ရုံးထုတ်နေတဲ့အတွက် စိတ် ပိုင်း၊ ရုပ်ပိုင်း ထိခိုက်မှုတွေဖြစ်စေတယ်လို့ သူက ပြောပါတယ်။

"တပတ်မှာ ရုံးကို ၂ ကြိမ်၊ ၃ ကြိမ် ထွက်ရတာတို့ ဖြစ်တာပေါ့။ အမှုက ၃ မှု မှာ ၂ မှုက စမ်းချောင်းတရားရုံးမှာ ရက်ချင်း မတူဘူးလေ။ ဖြစ်သင့်တာက စမ်းချောင်းတရားရုံး တခုတည်းဆိုရင် စစ္စဲစဉ်ကတည်းက သူတို့ကို ဖမ်းထားပြီးပြီ ဒီဟာတွေကို သေချာသိရမယ်ဆိုရင် အမှုတွေပေါင်းပြီး စွဲလိုက်ရင် ၁ ရက်ပဲ ရုံး ထုတ်ဖြစ်မယ်။ သူ့အတွက်က နစ်နာတယ်ဆိုတဲ့ အပိုင်းကျတော့ လက်ထိတ်၊ ခြေထိတ်တွေနဲ့ ၁ ပတ်မှာ ၃ ရက် လောက်ထွက်ခြင်းအားဖြင့် သူ့အတွက် တကယ်ထိခိုက်တယ်။ ခြေထိတ်၊ လက်ထိတ်တွေဆိုတာ လွတ်လွတ်လပ်လပ် သွားလာနိုင်တာမှ မဟုတ်တာ"။

# ရွှေဆိုင်လု တရားခံများကို အမိန့်ချမှတ်

**DVB ၊ အောက်တိုဘာ ၆ ။** ။ မကွေးတိုင်း ရေစကြိုမြို့စစ်တပ်က ဖောက်ထွင်း လာတဲ့ လက်နက်နဲ့ မန္တလေးတိုင်း ရမည်းသင်းမြို့က ရွှေဆိုင်လုယက်ခံရမှုကိစ္စ မှာတရားခံတွေအားလုံးကို ပြစ်ဒဏ် ပေးလိုက်ပြီးလို့ ရွှေဆိုင်ပိုင်ရှင် မိသားစုဝင် တွေက ပြောပါတယ်။

ရမည်းသင်းမြို့ ရွှေဆိုင်လုယက်မှုကိစ္စမှာ အဓိကတရားခံ ၃ ဦးထဲက တဦးကို သေဒဏ်ပေးလိုက်ပြီး၊ ကျန် ၂ ဦးကို ထောင်ဒဏ် တသက် တကျွန်း ချမှတ်လိုက်ကြောင်း ရွှေဆိုင်ပိုင်ရှင်မိသားစုဝင်တွေက ပြောပါတယ်။ မေလ ၄ ရက်နေ့က ရေစကြို ခလရ ၂၅၆ တပ်မှာ လက်နက်တိုက် ဖောက်ထွင်းခံရပြီး၊ အဲဒီက လက်နက်နဲ့ ၆ ရက် နေ့မှာ ရွှေဆိုင် လုယက်ခံခဲ့ရဖြစ်ပြီး တဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ ရှိခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ အဓိကတရားခံ တပ်ပြေး ကိုညီ ညီနိုင်ကို သေဒဏ်ချမှတ်လိုက်ပြီး ရမည်းသင်းမြို့ခံ ဆိုင်ကယ်ကယ်ရီသမား ညီ အစ်ကို ၂ ဦးကိုတော့ ထောင်ဒဏ် တသက်တကျွန်း ချမှတ်လိုက်တယ်လို့ ရွှေဆိုင်ပိုင်ရှင် မိသားစုဝင်တဦးက ပြောပါတယ်။

"အဓိက တရားခံ ကိုညီညီနိုင်က သေဒဏ် ကျန်တဲ့ ၂ ယောက်က တသက်တကျွန်း။ အားလုံးတရားခံ ၁၆ ယောက်ရှိတယ်။ ၁၅ ယောက်ကို တရားရုံးက ထောင်ဒဏ် အပြစ်ပေးလိုက်တယ်။ တယောက်က သေနတ်ဖောက်တဲ့ ကိစ္စကျတော့ ဒီမှာ မဖြစ်တော့ဘူးလေ။ မန္တလေးမှာပဲ ဖြစ်မယ်လေ။ ၂ နှစ်၊ ၃ နှစ် ဆိုတာ အနည်းဆုံးပဲ။ အားပေးကူညီမှုတို့ ပါသေးတယ်လေ။"

မေလမှာ လုယက်ခံခဲ့ရပြီး သြဂုတ်လအတွင်း တရားခံအားလုံးကို အပြစ် ပေးလိုက်ပြီဖြစ်လို့ လုယက်သွားတဲ့ ရွှေ ၅ ပိဿာကျော်ထဲက ပြန်ရတာတွေကို ရွှေဆိုင်ပိုင်ရှင် မိသားစုဝင်တဦးက ပြောပါတယ်။

"၃ ပိဿာနဲ့ ၆၅ ကျပ်သားလောက်ရတယ်။ ရွှေကနေ ငွေလုပ်ပြီး သုံး လိုက်တဲ့ လပ်တော့တို့ ဘာတို့ ပေးမယ်လို့ ပြောတာပဲ။ အခုအချိန်အထိတော့ ပြန်မရသေးပါဘူး။"

ရွှေဆိုင်လုယက်မှု တရားခံတွေကို ဖမ်းဆီးထောင်ချတာတွေ လုပ်ခဲ့ပေမယ့် လက်နက်ပျောက်ဆုံးမှုနဲ့ ပတ်သက်လို့ ရေစကြို စစ်တပ်က တရားဝင်စစ်ဆေး အရေးယူတာ မကြားသိရပေမယ့် လက်နက်ပျောက်ဆုံးမှုနဲ့ တပ်တွင်း ဖမ်းဆီးစစ် ဆေးမှုမှာ တပ်ကြပ်ကြီးမြင့်စိုး သေဆုံးခဲ့ကြောင်းပါ။


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 456 Oct 6, 2009
Road Map to Democracy
BE QUIET!...
I AM TRYING TO..
WRITE...
DEM
BURMA

# ဒေါ်စုနှင့် ဦးအောင်ကြည်တွေ့ဆုံ ဆွေးနွေးမှုအကြောင်း ပြည်သူတွေ သိစေလို

**DVB၊ အောက်တိုဘာ ၈။** ။ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အုပ်စုဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ သီတင်းတပတ်အတွင်း ၂ ကြိမ် တွေ့ဆုံနိုင်တာကို ကြိုဆိုပေမယ့် ဘာတွေဆွေးနွေးတာလဲဆိုတာ အများပြည်သူကို အသိပေးစေချင်တယ်လို့ နိုင်ငံရေးသမားတချို့က တိုက်တွန်းလိုက်ပါတယ်။

ဤခုလို ၂ ကြိမ် တွေ့ဆုံခဲ့တာနဲ့ ပတ်သက်ပြီး စစ်အုပ်စုပိုင် မီဒီယာက သဘောလောက်သာ ဖော်ပြလို့ နိုင်ငံရေးသမားတွေက အားမလို အားမရဖြစ်ကာ ဒါဟာ တိုင်းပြည်အနာဂါတ်အတွက် အရေးကြီးတဲ့ တွေ့ဆုံမှုဖြစ်လို့ အများသိသင့်တာကို ပြောသင့်သလောက် ထုတ်ပြောပြသင့်ကြောင်း၊ ထုတ်မပြောတဲ့အတွက် တွေ့ဆုံမှုရဲ့လားရာကို ခန့်မှန်းရခက်တယ်လို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာပီပီအတွင်းရေးမှူးဦးအေးသာအောင်က ပြောပါတယ်။

"အရင်တုန်းက တွေ့ဆုံခဲ့တာနဲ့ မတူဘူးပဲ ပြောပြော၊ တကယ်ပြောရမယ်ဆိုရင်တော့ အခုလို တွေ့ဆုံရုံနဲ့ထူးခြားလာမယ်လို့ ကျနော့်အနေနဲ့မမြင်ဘူး။ အမေရိကန်ရဲ့ပေါ်လစီ အပြောင်းအလဲအတွက် မျှော်ပြီးတော့ တွေ့ကြတာလား၊ ဒါမှမဟုတ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပေးတဲ့စာအပေါ်မှာ ဘာတွေပြန်ကြားတာလဲ၊ သဘောထားက ဘယ်လိုရှိလဲဆိုတာကို မသိရတော့ ဒီကနေ တိုင်းပြည်အတွက် အပြောင်းအလဲတခုဖြစ်ဖို့ဆိုတာ ပြောလို့ခက်ပါတယ်။"

စီအာပီပီ ကို ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အင်အယ်လ်ဒီပါတီနဲ့ ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားပါတီတွေ စုပေါင်းဖွဲ့ထားတာဖြစ်ပြီး အဓိကတာဝန်က ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို အကောင်ထည်ဖော်ဖို့ဖြစ်ပါတယ်။ အခု နအဖစစ်အုပ်စုက နောက်ထပ်ရွေးကောက်ပွဲအသစ်တခုကို ကျင်းပဖို့ ပြင်ဆင်နေတာကြောင့် ၉၀ ရွေးကောက်ပွဲရလဒ်နဲ့ ရွေးကောက်ပွဲအသစ် ဘယ်လိုဆက်စပ်မလဲ၊ လက်ရှိနိုင်ငံရေးအခြေနေအပေါ် စီအာပီပီက ဘယ်လိုကျော်ဖြတ်မလဲ၊ စတဲ့ကိစ္စတွေကို ဆွေးနွေးဖို့ မနက်ဖြန်မှာ အစည်းဝေးတခု ဆင့်ခေါ်ထားတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်အောင်ကြည်တို့ တွေ့ဆုံမှုနဲ့ပတ်သက်ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်ဖို့ ပြင်နေတဲ့ ဒီမိုကရက်တစ်ပါတီသစ် ဥက္ကဋ္ဌ ဦးသုဝေက ခုလို တွေ့ဆုံတယ်ဆိုတာ ကောင်းတယ်လို့ယူဆပြီး ထူးခြားမှုတခု ဖြစ်ကောင်းဖြစ်လာနိုင်ကြောင်း၊ ကောင်းတဲ့ဘက်ကို ရောက်အောင်ပြောဆိုနိုင်ရင် ပိုကောင်းမယ်လို့ မျှော်လင့်ကြောင်း ပြောပါတယ်။

"ကျနော်တို့က ကောင်းတဲ့ဘက်ကိုပဲ မျှော်လင့်ပါတယ်။ ဒီရွေးကောက်ပွဲလည်း တခြားဘာမှ မသိဘူးလေ။ ဘာမှ မကြားပေမယ့် ကိုယ့်အလုပ်ကိုယ်လုပ်နေတာပဲ။ ကျနော်တို့ တိုင်းအဖွဲ့အစည်းတွေ ဖွဲ့တယ်။ လူငယ်တို့၊ အမျိုးသမီးတို့ ဖွဲ့တယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်နေတယ်။"

ဒီတွေ့ဆုံမှုအပေါ် နိုင်ငံတကာက ဘယ်လိုအမြင်ရှိသလဲဆိုတာကို မနေ့ညက စီအန်အန်သတင်းဌာနမှာ ဒီတွေ့ဆုံမှုအကြောင်းတွေ ပြောကြားခဲ့သူ ကုလသမဂ္ဂဆိုင်ရာ ညွှန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်း က ဘာတွေ ဆွေးနွေးဖြစ်တယ်ဆိုတာမသိပေမယ့် ပြည်သူလူထုထိခိုက်တယ်လို့ တယောက်ယောက်က ပြောလာရင် အဲဒီကိစ္စမျိုးကို သေသေချာချာ စူးစမ်းသုံးသပ်ဖို့ အသင့်ရှိနေတယ်ဆိုတဲ့ ခေါင်းဆောင်ကောင်းတယောက်ရဲ့ အင်္ဂါရပ်ကို ဒေါ်အောင်ဆန်းစုကြည်က ပြသလိုက်တာပဲလို့ ပြောပါတယ်။

"ဒီအပေါ်မှာ အများကြီးလေးစား ချီးကျူးမှုတွေရှိတယ်ဆိုတာ ကျနော်တို့ကြားရပါတယ်။ ကျနော်တို့ အစိုးရက သတိကြီးကြီးနဲ့ စောင့်ကြည့်တယ်။ ဗိုလ်ချုပ်အောင်ကြည်နဲ့စကားပြောတာ အခုမှ မဟုတ်ဘူး။ အရင်တုန်းက လည်း ၅ ကြိမ်လောက် စကားပြောပြီး ဘာမှ ဖြစ်မလာတာလည်း ရှိတယ်ဆိုတော့ ဒီအချိန်မှာ နေမြဲအတိုင်း လိပ်ခဲတည်းလည်း မဟုတ်ဘူးဆိုတဲ့ အစိုးနဲ့ပတ်သက်လို့ နိုင်ငံတကာက စိတ်ဝင်စားမှုရှိတယ်။ တခုခုဖြစ်နေတာ ဘာမှမဖြစ်တာ ထက်ကောင်းမယ်ဆိုတဲ့အမြင်ပေါ်မှာပဲ သတိကြီးကြီးနဲ့ထားရှိနေတဲ့အသံတွေ ကျနော်တို့ကြားရပါတယ်။"

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER